ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့် တည်း။ ကောင်းမှုကို အခါမလပ်ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါဠိပဝဏ်(၈မ္မပဒ-၁၁၈)

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်၊ တနလာနေ့။ Monday, 13 February 2017 (၈၈၃၆)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဧနီး ဒေါ်စုစုလွင်တို့က ပြည်ထောင်စုနေ့အထိမ်းအမှတ်ညစာစားပွဲဖြင့် တည်ခင်းညှဲခံ

သတင်း ကျော်ဖုံး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံစာချုပ်တွင်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များ၏ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား ပင်လုံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

ပင်လုံ ဖေဖော်ဝါရီ ၁၂

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်မတောင်တန်းပူးပေါင်းရေး ကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ငြိမ်းချမ်းရေးဆိုတာ နောင်မျိုးဆက်တွေအတွက် ရတနာ

ပြည်ထောင်စုကြီးကို တကယ့်တည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးအမွေအနှစ်သာ ပေးခဲ့နိုင်မယ်ဆိုရင် သုံးလို့မကုန်၊ ဖြုန်းလို့မကုန်တဲ့ အမွေအနှစ်လို့ပြောချင်

ပင်လုံ ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်လာတဲ့ ပြည်သူလူထုအားလုံးနဲ့ ဧည့်သည်တော်များကို နူတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့ဟာ ဒီနေ့မှာ ပြည်ထောင်စုကြီးကို အသိအမှတ်ပြုသောအားဖြင့် အားလုံးစုဝေးပြီးတော့ ရောက်ရှိလာကြတာဖြစ်ပါတယ်။

ပင်လုံဆိုတာဟာ ရှမ်းပြည်နယ်ရဲ့ တစ်စိတ်တစ်ဒေသတင် မဟုတ်ပါဘူး။ ပြည်ထောင်စုတစ်ခုလုံးအတွက် အင်မတန်မှ အရေးကြီးတဲ့နေရာဖြစ်ပါတယ်။ ဒီကနေစတင်ပြီး ပြည်ထောင်စုရဲ့ညီညွတ်မှုအတွက် အခြေခံအုတ်မြစ်ကို ချလိုက်တာဖြစ်ပါတယ်။ စောစောက ဖတ်ပြသွားတဲ့ ပင်လုံစာချုပ်ရဲ့ အချက်အလက်တွေကို လေ့လာမယ်ဆိုရင် တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သဘောတူညီမှုယူခြင်းဆိုတဲ့မူတွေအပေါ်မှာ အခြေခံပြီးတော့ ပြည်ထောင်စုကို စတင်ထူထောင်ခဲ့တာဖြစ်ပါတယ်။

ပြည်ထောင်စုသားစစ်စစ်အားလုံးရဲ့ နှလုံးသားထဲမှာ ပင်လုံဆိုတဲ့ အင်မတန်မှ ရိုးရှင်းတိုတောင်းလှတဲ့ အမည်လေးဟာ စိတ်နှလုံးချမ်းသာဖွယ်ရာ၊ လှုပ်ရှားဖွယ်ရာဖြစ်ပါတယ်။ ပင်လုံကို အခမ်းအနားတစ်ခုအနေနဲ့ မဟုတ်ဘဲ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✱

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာရေးဘော်ဒါ (သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ)

IDEAL CLASS EDUCATION CENTRE

ICEC

"စ" ပညာရှင်သား (လှိုင်)

"စ"ပြ" ကျောင်း (တာမွေ)

"စ"ပြ" ကျောင်း (လှိုင်သာယာ)

ဒြိအမှတ် (၂)၊ ရွာမကျောင်းလမ်း၊ ပဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 30059147, 09 30059148, 09 7958 86818, 09 2559 65938

(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။
Tel : 09 731 66911, 09 731 62577, 09 2559 65939, 09 7996 43183

အမှတ် (၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့်၊ လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင် (ယခင် - ဝင်းသူတဆိုင်)
Tel : 09 7852 74023, 09 7998 62303, 09 7904 90781, Website : www.icecprivateschool.com

သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ICEC ကျောင်းခွဲအားလုံးတွင် ကျောင်းအပ်လက်ခံနေပြီ။

ပြည်ထောင်စုကြီးထာဝရအခွန်ရှည်

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သည် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကာလအတွင်း အသွင်သဏ္ဌာန် ထူးခြားသည့် နေ့ထူးတစ်နေ့ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် အခြေခံကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာကြောင်းသက်သေထူပြသည့်နေ့ကို ပြည်ထောင်စုနေ့ဟူ၍ သမိုင်းမော်ကွန်းရေးထိုးခဲ့သည်။ ဤနေ့ ဤရက်ကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ၌ ယခုနှစ်ပြည်ထောင်စုနေ့သည်ကား တစ်မူထူးခြားသည်။ စည်းလုံးညီညွတ်မှုကို ထပ်လောင်းအတည်ပြုနိုင်သည့် ဒုတိယပင်လုံညီလာခံအဖြစ် ကျင်းပနိုင်သောကြောင့် အနှစ်သာရထူးကဲသာလွန်သည့် ပြည်ထောင်စုနေ့ဟု ဆိုရမည်ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပထမပင်လုံညီလာခံကြီး ကျင်းပခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့တွင် နှစ် (၇၀) ပြည့်မြောက်သောနေ့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ပထမပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များပါ တက်ရောက်ကြသည့် အခမ်းအနားဖြစ်၍ ထူးကဲသော ပြည်ထောင်စုနေ့ဟုဆိုနိုင်သည်။

ပြည်ထောင်စုနေ့ဟူသည်မှာ ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်သောနေ့ သို့မဟုတ် မြန်မာပြည်သူ ပြည်သားများအားလုံး တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ညီညွတ်မှု၊ စည်းလုံးမှုကို အထင်အရှားပြသနိုင်သောနေ့တစ်နေ့ဖြစ်သည်။ ပြည်ထောင်စုနေ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် ခိုင်မာသောသက်သေအထောက်အထားကို ပြသနိုင်သောနေ့ဖြစ်သလို အစိုးရအဖွဲ့ခေါင်းဆောင် ပိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်သည်ဟူသော သဘောထားအမှန်ကို ပြသသောနေ့ဖြစ်သည်။

ထိုသမိုင်း၊ ထိုအဖြစ်သနစ်ကို သုံးသပ်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံရှိ ခေါင်းဆောင်များ၏ ဉာဏ်အမြော်အမြင်ရှိမှု၊ အရည်အချင်းပြည့်ဝမှုနှင့်အတူ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို တင်းပြည့်ကျပ်ပြည့် ပြသနိုင်ကြ၍ အားလုံးမျှော်မှန်းသည့် ပြည်ထောင်စုခရီးပန်းတိုင်ကို အောင်မြင်စွာရရှိခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် အမြော်အမြင်ကြီးမားသော၊ စည်းလုံးညီညွတ်သော ရှေးဘိုးဘေးခေါင်းဆောင်များ တည်ဆောက်ပေးခဲ့၍ ယနေ့ထက်တိုင် အခွန်ရှည်တည်တံ့ခိုင်မြဲနေသော ပြည်ထောင်စုကြီးအား ပြိုကွဲပျက်စီးခြင်း မရှိစေရန် နောက်မျိုးဆက်များက ဆက်လက်ကြိုးပမ်းတည်ဆောက်နေသောအချိန်ဖြစ်သည်။ ထိုသို့သော အချိန်ကာလတွင် တိုင်းပြည်ပြိုကွဲပျက်စီးစေနိုင်သော လုပ်ဆောင်မှုများကို မလိုမုန်းထားသောသူများက ဝင်ရောက်နှောင့်ယှက်မှု အနေအထားများရှိလာရာ ယင်းအဖျက်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်သော အားမာန်များဖြင့် ပြည်ထောင်စုကြီး အခိုင်အမာ ဆက်လက်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ပထမပင်လုံညီလာခံကြီးမှ တိုင်းပြည်စည်းလုံးညီညွတ်ကြောင်း အခိုင်အမာပြသနိုင်ခဲ့၍ အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော နိုင်ငံတော်ကြီးအဖြစ် အခိုင်အမာရပ်တည်နေပြီဖြစ်သည်။ ယနေ့ မျက်မှောက်ကာလတွင်လည်း ဒုတိယပင်လုံညီလာခံကြီးကိုကျင်းပကာ ခေါင်းဆောင်များအားလုံးနှင့် တိုင်းရင်းသားပြည်သူများအားလုံးတို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစည်းတလုံးတည်း အခွန်ရှည်တည်တံ့ခိုင်မြဲနေစေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဒီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူအားလုံး အတူတကွ လက်တွဲ စည်းလုံးနေပြီဖြစ်ကြောင်း ပြသကြရမည်ဖြစ်သည်။

တိုင်းရင်းသားများ စည်းလုံးညီညွတ်ကြောင်း အခိုင်အမာစိုက်ထူပြသခဲ့သည့် ပင်လုံမြေတွင် မျက်မှောက်ကာလခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုကြီးထာဝရတည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာနေကြပြီဖြစ်ရာ မတူကွဲပြားမှုများအား ဘေးဖယ်ထား၍ ပြည်ထောင်စုကြီး ထာဝရအခွန်ရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

အကြိမ်(၇၀)မြောက်မွန်အမျိုးသားနေ့ အခမ်းအနား(ရန်ကုန်)နှင့် မွန်ရိုးရာယဉ်ကျေးမှုပဒေသာကပွဲ စည်ကားစွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အကြိမ်(၇၀)မြောက်မွန်အမျိုးသားနေ့ အခမ်းအနား(ရန်ကုန်)နှင့် မွန်ရိုးရာယဉ်ကျေးမှုပဒေသာကပွဲကို ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) ညနေ ၅ နာရီခွဲကစည်ကားစွာကျင်းပရာအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အကြိမ်(၇၀)မြောက်မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌနိုင်ဖေတင်နှင့် တာဝန်ရှိသူများက တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။(ယာပုံ)

ထို့နောက် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး မွန်အမျိုးသားအလံတော်အား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော မွန်အာဇာနည်ခေါင်းဆောင်များ အားအလေးပြုကြကာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် အကြိမ်(၇၀)မြောက်မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌနိုင်ဖေတင်တို့က အမှာစကားပြောကြားကြသည်။

အကြိမ်(၇၀)မြောက်မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ ဒုဥက္ကဋ္ဌနိုင်စိုးကြည်က "မွန်အမျိုးသားနေ့ အခမ်းအနားကိုကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ မျိုးချစ်စိတ်ရှင်သန်ရေးနဲ့ စည်းလုံးညီညွတ်မှုရှိစေရန်၊ မွန်လူမျိုးတွေရဲ့ စာပေယဉ်ကျေးမှုလေ့ထုံးတမ်းတွေကိုထိန်းသိမ်းဖော်ထုတ်ပြီး မျိုးဆက်သစ်လူငယ်တွေကို မျှဝေပေးခြင်း၊ တိုင်းရင်းသားအားလုံးနဲ့ လက်တွဲ၍ဆောင်ရွက်ခြင်းဆိုတဲ့ ရည်ရွယ်ချက် သုံးခုထားရှိပါတယ်။ ဒီလိုပွဲတော်ကျင်းပခြင်းဖြင့် မွန်တိုင်းရင်းသားစာပေယဉ်ကျေးမှုအနုသုခုမတွေကိုတက်ရောက်လာကြသူတွေကမြင်တွေ့ကြရမှာဖြစ်တယ်။ မွန်စကားသံတွေကိုလည်း ကြားသိရမှာဖြစ်ပါတယ်။ ဒီနှစ် ကျင်းပတဲ့ပွဲမှာ ထူးခြားအနေနဲ့ မွန်ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်တဲ့မွန်ရိုးရာ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့တစ်ခန်းရပ်ပြဇာတ်ပါဝင်ပြီး မွန်ပြည်နယ်ဘက်က မွန်ဘင်ခရာတီးပိုင်းပါ ပါဝင်ပါတယ်"ဟုဆိုသည်။

ယနေ့ညနေပိုင်းကကျင်းပခဲ့သော အကြိမ်(၇၀)မြောက်မွန်အမျိုးသားနေ့ အခမ်းအနား(ရန်ကုန်)နှင့် မွန်ရိုးရာယဉ်ကျေးမှုပဒေသာကပွဲ၌ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ မွန်တိုင်းရင်းသားလူမျိုးများ ပါဝင်တက်ရောက်ကြပြီး မွန်ရိုးရာယဉ်ကျေးမှုပဒေသာကပွဲအဖြစ် ရွှေဟသံ်ယိမ်းအကများ၊ တစ်ပင်တိုင်ယိမ်းအကများ၊ ပြည်ထောင်စုယိမ်းအကများ၊ ရွှေတိဂုံစေတီတော်မြတ်မီးပူဇော်သည့် ယိမ်းအကများနှင့်စုပေါင်းညီညာအောင်ကြောင်းဖြာယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကာ ယနေ့ညနေပိုင်းမှညပိုင်းထိကျင်းပခဲ့သော အဆိုပါအကြိမ်(၇၀)မြောက် မွန်အမျိုးသားနေ့ အခမ်းအနား(ရန်ကုန်)နှင့် မွန်ရိုးရာယဉ်ကျေးမှုပဒေသာကပွဲသို့ပွဲတော်လာ ပြည်သူဦးရေ သောင်းချီရှိကြောင်း သိရသည်။

သတင်း-(စိုးဝင်း-MLA)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်

လယ်ဝေး ဖေဖော်ဝါရီ ၁၂

ရပ်ကွက်၊ ကျေးရွာအုပ်စု၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်ဆွေးနွေးမှု သင်တန်းဖွင့်ပွဲကို ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းသည့်အခါ စနစ်တကျဆောင်ရွက်နိုင်ရန် သင်တန်းတွင်ပို့ချသည့်ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ဆောင်ရွက်ရမည့်မူဝါဒများကို လေ့လာမှတ်သားရန် မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦးက တောင်သူလယ်သမားများ၏ အခက်အခဲများကို အခြေခံအကျဆုံးသိရှိစေရန်အတွက် ကျေးရွာများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်း သင်တန်းပေးခြင်းဖြင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ လယ်ဝေးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင် ၄၀စ ဦးတက်ရောက်ကာ သင်တန်းကာလမှာ နှစ်ရက်ဖြစ်သည်။ သင်တန်းတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ချမှတ်ပေးထားသောမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ၁၉၈၄ ခုနှစ် မြေသိမ်းဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ သစ်တောဥပဒေတွင်ပါဝင်သော မြေယာကိစ္စရပ်များ၊ လမ်းမကြီးများဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေများအား ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်ဂ်က ပြောကြားသည်။

ဝေကြည်(မြန်/ဆက်)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြို့
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established at 1911
၁၉၁၇ခုနှစ် ဝန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀၊
ရန်ကုန်မိုးမခ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဝန္တုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၈၃၀၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၂၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

❒ နိုင်ငံတော်သမ္မတမှ

ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအခမ်းအနားသို့ ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့်ဇနီးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ညွှန်ကြီးကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်သည်တော်များသည် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

✪ ကျောဖုံးမှ

ယခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးဟူသည့် အမျိုးသားရေးဦးတည်ချက်(၄)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ အလံတင်အဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်)၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံ အဆက်ဆက်တွင် အသက်ပေးသွားရရှာသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတို့အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ခြင်း၊ တိုင်းရင်းသားကိုယ်စားပြု ကလေးငယ်များက ပြည်ထောင်စုဂုဏ်ပြုတေးအကအပြင် အာဆီယံသီချင်းတို့ဖြင့် ဖျော်ဖြေခြင်းတို့ကိုပြုလုပ်ကြသည်။

အခမ်းအနားတွင် သဘာပတိဖြစ်သူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက "ဒီကနေ့ဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ အမြော်အမြင်ရှိရှု၊ သဘောထားကြီးကြီးနဲ့ မျိုးနွယ်စု လူမျိုးပေါင်းစုံရဲ့ မတူခြားနားတဲ့ မျှော်လင့်ချက်ဆန္ဒများ၊ အကျိုးစီးပွားများနဲ့ ခက်ခဲသိမ်မွေ့တဲ့ အမျိုးသားရေးဆိုင်ရာ စိန်ခေါ်မှုတွေကို တွေ့ဆုံညှိနှိုင်းခြင်းကြောင့် အမျိုးသားသွေးစည်းညီညွတ်ရေးရရှိခဲ့တဲ့နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ဖြစ်ပါတယ်။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့အပေါ်မှာ အခြေခံပြီး စိတ်ရှည်၊ ဇွဲရှိ၊ သည်းခံမှုများနဲ့ စိတ်တူသဘောတူ လက်မှတ်ရေးထိုးခဲ့ကြတဲ့ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်နဲ့ပတ်သက်လို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က " ဒီမိုကရေစီနည်းကျတဲ့ ဆွေးနွေးတိုင်ပင် အဖြေရှာမှုနဲ့သာ ပင်လုံစိတ်ဓာတ်ရှင်သန်စေပြီး စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုတစ်ရပ် တည်ထောင်နိုင်မှာဖြစ်ပါတယ်"လို့ ညွှန်းဆိုခဲ့ပါတယ်" ဟုပြောကြားသည်။

ဆက်လက်၍ "ထို့အတူပါပဲ လွတ်လပ်ရေးဗိသုကာကြီး ၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင်၊ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား ကွဲကွဲပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်" လို့ သတိပေးတိုက်တွန်းခဲ့ပါတယ်။ ဒီကနေ့ ကျွန်ုပ်တို့ဟာ ပြည်ထောင်စုဇြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား မျိုးနွယ်စုများ၊ နိုင်ငံရေးပါတီများ၊ ပြည်သူလူထုအပေါင်းနဲ့အတူ တူညီတဲ့မျှော်လင့်မှုများနဲ့ တစ်ခဲနက် ချီတက်လျက်ရှိပါတယ်၊ ၂၀ ရာစု ပင်လုံစိတ်ဓာတ်က တိုင်းရင်းသားသွေးစည်းညီညွတ်ရေးနဲ့ အမျိုးသားလွတ်လပ်ရေးကို ဦးတည်သလို ယနေ့ ၂၁ ရာစုပင်လုံစိတ်ဓာတ်က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို ဦးတည်ပါတယ်။ ဒါ့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးများ အမြော်အမြင်ရှိရှု အုတ်မြစ်ချခဲ့တဲ့ ပင်လုံစိတ်ဓာတ်ကို ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် လက်ဆင့်ကမ်းတဲ့အနေနဲ့၊ ကျေးဇူးဆပ်တဲ့အနေနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံပြီး မိမိနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိတဲ့၊ ချမ်းသာကြွယ်ဝတဲ့၊ ပြည်သူလူထုအားလုံး ကိုယ်ရောစိတ်ပါ လုံခြုံဘေးကင်းမှုရှိတဲ့ ဝန်းကျင်သစ်တစ်ခုအဖြစ် ကြိုးပမ်းဆောင်ရွက်ကြပါစို့၊ မကြာခင် ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုကြပါစို့"ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အခမ်းအနားတွင် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့နှင့် ပတ်သက်၍ အချက် (၆)ချက်ပါသော ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည့်အပြင် အခမ်းအနားသို့ ပေးပို့လာသောသဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ၏ နာယက၊ အဖွဲ့ဝင်များနှင့် ပါတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဇီတ)**

နိုင်ငံခြားရေးဝန်ကြီးဟောင်း စတိန်းမိုင်ယာ ဂျာမနီသမ္မတအဖြစ် ရွေးချယ်ခံရရန် သေချာ



ဘာလင် ဖေဖော်ဝါရီ ၁၂

ဂျာမနီ သမ္မတသစ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖရန့်ဝေါ်လတာ စတိန်းမိုင်ယာသည် ရွေးချယ်တင်မြှောက်ခံရန် သေချာသွားပြီဖြစ် ကြောင်း၊ ၎င်းသည် လက်ရှိသမ္မတ ဂျိုချင်ဂေါက်၏ နေရာတွင် ဆက်ခံနိုင်ရေးအတွက် ထောက်ခံမဲရရှိမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ၏ ပြည်နယ် ၁۶ ခုမှ စေလွှတ်သော ကိုယ်စားလှယ်များနှင့် ဥပဒေပြုအမတ်များဖြင့် ပါဝင်ဖွဲ့စည်းထားသော အင်အား ၁၂၆၀ ရှိ အထူးဖက်ဒရယ်ညီလာခံက အများ၏ထောက်ခံမှုရရှိထားသော စတိန်းမိုင်ယာအား ဖေဖော်ဝါရီ ၁၂ ရက်တွင် မဲပေးတင်မြှောက်ရန် စီစဉ်ထားသည်။

ဆိုရှယ်ဒီမိုကရက်တစ်ဦးဖြစ်သူ စတိန်းမိုင်ယာသည် အမေရိကန်သမ္မတ ရွေးကောက်ပွဲကာလအတွင်း ဒေါ်နယ်ထရန့်ကို ဝေဖန်ခဲ့သူအဖြစ် ထင်ရှားခဲ့သူဖြစ်သည်။ ၎င်းသည် လွန်ခဲ့သည့်လအထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ညွှန့်ပေါင်းအုပ်စုကို ထောက်ခံသူဖြစ်သည်။စက်တင်ဘာလ၌ ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲ အကြိုကာလတွင် ညွှန့်ပေါင်းအုပ်စု၏ ညီညွတ်မှုကို ပြသသည့် နောက်ဆုံး အခွင့်အခါ တစ်ရပ်အဖြစ် စတိန်းမိုင်ယာအား တစ်ခဲနက် မဲပေးကြဖွယ်ရှိသည်။ ဝန်ကြီးချုပ် မာကယ်သည် စတုတ္ထမြောက်ရာထူးသက်တမ်း၌ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် လာမည့် ပါလီမန်ရွေးကောက်ပွဲ၌ အောင်ပွဲခံရန် ကြိုးပမ်းလျက်ရှိသည်။အသက် (۶၁) နှစ် အရွယ်ရှိ စတိန်းမိုင်ယာသည် ဂျာမနီနိုင်ငံ၏ ရေပန်းအစားဆုံး နိုင်ငံရေးသမားများတွင် ပါဝင်သည်။ ဝန်ကြီးချုပ်ဂဲဟတ် ရှရိုးဒါး လက်ထက်တွင် ဝန်ကြီးအဖွဲ့အတွင်းဝန်ချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ရှရိုးဒါး၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် လူမှုဖူလုံရေးအစီအစဉ်များကို ရေးဆွဲပေးခဲ့သူဖြစ်သည်။

စတိန်းမိုင်ယာသည် ဝန်ကြီးချုပ် မာကယ်လက်အောက်တွင် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိလည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိလည်းကောင်း နိုင်ငံခြားရေးဝန်ကြီးအဖြစ် နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။ **ရိုက်တာ။**

စနိဒင်အား အမေရိကန်သို့ လွှဲပြောင်းပေးမည်ဆိုမှု ထင်ကြေးပေးပြောဆိုမှုသာဖြစ်သည်ဟုဆို

မော်စကို ဖေဖော်ဝါရီ ၁၂

အက်ဒွပ်စနိုဒင်အား အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးအပ်ရန် ရုရှားနိုင်ငံကစဉ်းစားသုံးသပ်လျက်ရှိသည်ဆိုသော မီဒီယာသတင်းများကို ၎င်း၏ ရှေ့နေက ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန် အမျိုးသားလုံခြုံရေး အေဂျင်စီ (NSA)အတွက် အလုပ်လုပ်ကိုင်ပေးခဲ့သူ စနိုဒင်သည် ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်ပြီး (NSA)၏ လျှို့ဝှက်စာရွက်စာတမ်းများကို ဟောင်ကောင်အခြေစိုက် အမေရိကန်သတင်းစာဆရာများထံသို့ ဖွင့်ချခဲ့ပြီးနောက် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အတွက် ရုရှားနိုင်ငံက 'လက်ဆောင်' ပေးသည့် သဘောမျိုးဖြင့် စနိုဒင်ကို လွှဲပြောင်းပေးအပ်မည်ဟု သတင်းများ ပေါ်ထွက်ခဲ့ကြောင်း၊ ယင်းသတင်းများမှာ ထင်ကြေးပေး ပြောဆိုမှုသာဖြစ်ပြီး ဝရမ်းပြေးတစ်ဦးအဖြစ် ၎င်းကို အမေရိကန်သို့ လွှဲပြောင်းပေးအပ်ရန် အကြောင်းတစ်စုံတစ်ရာ မရှိကြောင်း စနိုဒင်၏ ရှေ့နေ အင်နာတိုလီ ကူချရီနာက ရုရှားနိုင်ငံပိုင် သတင်းဌာနသို့ ပြောကြားသည်။ **ရိုက်တာ။**

မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် တာဝန်မှုရပ်ဆိုင်းခဲ့သော ဖိလစ်ပိုင်ရဲတပ်ပွဲဝင် ၁၀၀ ခန့်ရှိ

မနီလာ ဖေဖော်ဝါရီ ၁၂

ယခုနှစ်စပိုင်းမှစပြီး မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် တာဝန်မှုရပ်ဆိုင်းခြင်းခံရသော ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်အရေအတွက် ၁၀၀ ခန့်ရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့မှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၁ရက်တွင် ပြောကြားခဲ့ကြောင်း သတင်းများအရ သိရသည်။

မူးယစ်ဆေးဝါးသုံးစွဲသူ ရဲအရာရှိ၉၀ကျော်အား ယခုနှစ်စပိုင်းတွင် ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ရဲတပ်ဖွဲ့အပြည်ပြည်ဆိုင်ရာရေးရာဌာန စုံစမ်းရေးမှူးချုပ် အယ်ဖာဂျာ တန်ဘလိုကပြောကြားသည်။ မူးယစ်ဆေးသုံးစွဲသည့် တပ်ဖွဲ့ဝင်များကို ဝန်ထမ်း၃၀ဒေနှင့်အညီ အရေးယူခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သမ္မတဒုတာတေး၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးကာလ ခုနစ်လတာအချိန်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု (သို့) လက်ဝယ်တွေ့ရှိမှုနှင့်ပတ်သက်သူ ၇၇၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ အဆိုပါလူအများအပြားသေဆုံးမှုနှင့်ပတ်သက်ပြီး နိုင်ငံတကာအလယ်တွင် ရဲတပ်ဖွဲ့များဘက်မှ သမ္မတဒုတာတေးအနေဖြင့် ကာကွယ်ပြောဆိုမှုများ ပြုလုပ်ခဲ့သော်လည်း ယမန်နှစ်နှောင်းပိုင်းတွင် စည်းကမ်း လိုက်နာမှုမရှိသော ရဲအရာရှိများက တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်အချို့အား လုပ်ကြံသတ်ဖြတ်ခဲ့သော ဖြစ်ရပ်ပေါ်ပေါက်လာခဲ့သည့်အချိန်မှစပြီး သမ္မတဒုတာတေး၏ ရပ်တည်ချက်မှာ ပြောင်းလဲသွားခဲ့သည်။

သမ္မတဒုတာတေးအနေဖြင့် ပြီးခဲ့သောလက ရဲတပ်ဖွဲ့အား အဂတိလိုက်စားမှုများ ရှိကြောင်း ရှုတ်ချခဲ့ပြီး မူးယစ်ဆေးဝါးနှိမ်နင်းသည့်စစ်ဆင်ရေးများတွင် ၎င်းတို့၏အခန်းကဏ္ဍကို လျှော့ချခဲ့သည်။ **ရိုက်တာ။**

ယီမင်နိုင်ငံတွင် အာဟာရချို့တဲ့သူအများအပြားတွေ့ရှိ

ဆာနား ဖေဖော်ဝါရီ ၁၂

ကုလသမဂ္ဂစားနပ်ရိက္ခာဖူလုံမှုရရှိရေးအဖွဲ့က ယီမင်နိုင်ငံ၏ အစားအစာလုံလောက်မှုနှင့် အာဟာရဓာတ်ပြည့်ဝမှုရှိမရှိအခြေအနေကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပထမဆုံးအကြိမ် သုတေသနပြုလုပ်ခဲ့ရာ အာဟာရချို့တဲ့သူဦးရေ အများအပြား ရှိကြောင်း အဆိုပါသုတေသနစာရင်းများအရ သိရသည်။

အဆိုပါသုတေသနစာရင်းများအရ ယီမင်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်လုပ်မှု အခြေအနေသည် ပြည်တွင်းစစ်ပွဲများကြောင့် သိသိသာသာ လျော့ကျလျက်ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း စားနပ်ရိက္ခာဈေးကြီးမှုကြောင့် အိမ်ထောင်စုအများအပြားတွင် အာဟာရချို့တဲ့နေသူများ တွေ့ရှိရသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာရရှိမှုသည် လူဦးရေပမာဏထက် အလွန်အမင်းနည်းပါး လျက်ရှိကြောင်း သုတေသနစာရင်းများအရ သိရသည်။ အသက် (၁၈) နှစ်အောက်ကလေးငယ် နှစ်သန်းကျော်သည် အာဟာရချို့တဲ့မှု ပြဿနာနှင့် ရင်ဆိုင်နေရသည်။

ယီမင်နိုင်ငံသည် ကမ္ဘာ့အဆိုးရွားဆုံးသော အစာရေစာပြတ်လပ်မှုဘေးနှင့် ရင်ဆိုင်နေရကြောင်းကုလသမဂ္ဂစားနပ်ရိက္ခာဖူလုံမှုရရှိရေးအဖွဲ့က ဆိုသည်။ ယီမင်နိုင်ငံအား စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးရန် ကုလစားနပ်ရိက္ခာဖူလုံမှုရရှိရေးအဖွဲ့က ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းပြောကြားထားကြောင်းသိရသည်။ **အင်နာအိတ်ချ်ကေ။**

ဆိုးလ် ဖေဖော်ဝါရီ ၁၂

မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် အစောပိုင်းက ပုံ့ထိန်းဒုံးကျည်တစ်စင်းကို နိုင်ငံ၏ အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်း ဒေသ၏ ကမ်းလွန်ပင်လယ်ပြင်အတွင်းသို့ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန် သမ္မတအဖြစ် ဒေါ်နယ်ထရန့် တာဝန်ထမ်းဆောင်ခဲ့ပြီးချိန်နောက်ပိုင်း ပုံ့ထိန်းဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားက ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခြင်းဖြစ်သည်။ မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုနှင့် ပတ်သက်၍ ရှုတ်ချကြောင်း အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုကို သည်းခံခွင့်လွှတ်လိမ့်မည်မဟုတ်ကြောင်း၊ မြောက်ကိုရီးယားအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို အပြည့်အဝ လေးစားလိုက်နာရန် တိုက်တွန်းကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုသည် မဟာမိတ်ဂျပန်နိုင်ငံဘက်မှ အပြည့်အဝ ရပ်တည်မည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

ပုံ့ထိန်းဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားစမ်းသပ်ပစ်ခတ်

မြောက်ကိုရီးယားက ပစ်ခတ်လိုက်သော ဒုံးကျည်သည် ဂျပန်ပင်လယ်ဘက်သို့ ဦးတည်ကာ ကီလိုမီတာ ၅၀၀ ခန့် အရှေ့ဘက်သို့ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သည့်နှစ်က နျူကလီးယားစမ်းသပ်မှုများပြုလုပ်ခဲ့ရာ ဒေသတွင်းနိုင်ငံများ ဒေါသထွက်ခဲ့ကြပြီး လုံခြုံရေးအရ သတိပေးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ဖေဖော်ဝါရီ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅၅မိနစ်တွင် မြောက်ပိုင်း ပြုံယမ်းပြည်နယ်ရှိ ဘန်ယွန်လေတပ်စခန်းမှနေ၍ ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့သည်ဆို၏။

စမ်းသပ်ပစ်ခတ်သော ဒုံးကျည်မှာ ရိုဒေါင် တာဝေးပစ် ဒုံးကျည်အဖြစ် ယူဆရပြီး အမြင့် ကီလိုမီတာ ၅၅၀ (မိုင် ၃၅၀)သို့ ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားက စမ်းသပ်ပစ်ခတ်ခဲ့သော ဒုံးကျည်သည် ဂျပန်ပိုင်နက် ရေပြင်အတွင်းသို့ ကျရောက်ခြင်း မရှိကြောင်း ဂျပန်ဝန်ကြီးအဖွဲ့အတွင်းဝန် ယိုရှိဒ ဆုဂက ပြောကြားသည်။ **ရိုက်တာ။**

မတူကွဲပြားမှုသည် ကွဲပြားရေး၏အကြောင်းဆိုတာကို လက်မခံနိုင်၊ မိမိတို့သည် မေတ္တာတရားကို ရှေ့တန်းတင်မည်၊ မျှဝေကူညီချင်သည့်စိတ်ကို ရှေ့တန်းတင်မည်ဆိုလျှင် ယခုလိုကွဲပြားစရာအကြောင်း ရှိမည်မထင်

ပင်လုံ ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း (Panglong Peace Talk) ကို ပင်လုံမြို့၌ ပြုလုပ်ခဲ့သည်။

ပင်လုံငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) ကို လူငယ်များနှင့် ပြုလုပ်ခဲ့ပါကြောင်း၊ ယခု ဒုတိယအကြိမ်တွင် တိုင်းရင်းသားများနှင့် ဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရွယ်မရွေး အားလုံးပါဝင်ရန် လိုပါကြောင်း။

လူငယ်များနှင့် စတင်ဆွေးနွေးခဲ့ရခြင်းအကြောင်းအရင်းမှာ လူငယ်များသည် ငြိမ်းချမ်းရေး ရခြင်း၊ မရခြင်း၏ အကျိုးဆက်ကို အများဆုံးခံစားရမည့်သူများဖြစ်သဖြင့် ၎င်းတို့နှင့် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ တခြားလူအားလုံးနှင့်လည်း သက်ဆိုင်ပါကြောင်း၊ ပြည်ထောင်စုသားအားလုံးနှင့် သက်ဆိုင်တာဖြစ်သဖြင့် ယခုအကြိမ်တွင် တိုင်းရင်းသူ၊ တိုင်းရင်းသားများနှင့် ဆွေးနွေးမည်ဖြစ်ပါကြောင်း။

သို့ရာတွင် အရွယ်အရ မိမိတို့သတ်မှတ်ခြင်းမဟုတ်ပါကြောင်း၊ ယခုအကြိမ်မှာ ပင်လုံတွင်စုဝေးသည့် ပြည်ထောင်စုနေ့ဖြစ်၍ တိုင်းရင်းသားပေါင်းစုံနှင့် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံနှင့် ဆွေးနွေးခြင်းဖြစ်၍ ယခုစကားဝိုင်းသည် ငြိမ်းချမ်းရေးစကားဝိုင်းဟု သတ်မှတ်ထားပါကြောင်း။

ငြိမ်းချမ်းရေးရအောင် လုပ်ဖို့ဆိုလျှင် ဘာဖြစ်လို့ငြိမ်းချမ်းရေးမရလဲဆိုတာကို ပထမဆုံး ဆန်းစစ်ရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရသည်မှာ နှစ်(၇၀)ရှိသွားပြီဖြစ်ပါကြောင်း၊ မတူကွဲပြားမှုဟု အကြောင်းပြချက်ပေးလျှင် မတူကွဲပြားမှုတစ်ခုတည်းသည် လုံလောက်သော အကြောင်းပြချက်လား။ တစ်ယောက်နှင့် တစ်ယောက်မတူသည်နှင့် ရန်ဖြစ်ရမှာလား။

မိမိတို့ မိတ်ဆွေထဲတွင် ကိုယ်နှင့် မတူသည့်သူမပါဘူးလား။ ကိုယ်နှင့် လူမျိုးချင်း မတူသည့်သူ၊ ကိုယ်နှင့် ပြောသည့်ဘာသာစကားချင်းမတူသူ၊ ကိုးကွယ်သည့် ဘာသာချင်း မတူသူ၊ စီးပွားရေးအရ မိသားစုအသိုက်အဝန်းမတူသူများနှင့် မိမိတို့တွင် မိတ်ဆွေတစ်ယောက်မှမရှိကြဘူးလား။ ရှိကြပါကြောင်း၊ ထို့ကြောင့် မတူကွဲပြားမှုသည် ကွဲပြားရေး၏ အကြောင်းဆိုတာကို လက်မခံနိုင်ပါကြောင်း။

ဒါကို ကျော်လွှားနိုင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဒီစားပွဲဝိုင်းတွင် အပြုသဘောဆောင်သည့် အတွေးအခေါ်များကို အဓိကဦးစားပေးစေချင်ပါကြောင်း၊ ဒီလို ပြောခြင်းအားဖြင့် ပြဿနာများကို ရှောင်ရှားခြင်းမဟုတ်ပါကြောင်း၊ ပြဿနာများရှိသည်ကို သိပါကြောင်း၊ ပြဿနာကိုလည်း မကြောက်ပါကြောင်း၊ ပြဿနာဆိုတာ တကယ်တော့ စိန်ခေါ်မှုပင်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုဆိုတာ အခွင့်အရေးပင်ဖြစ်ပါကြောင်း။

ထိုစိန်ခေါ်မှု၊ အခွင့်အရေးကိုယူပြီး ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အကောင်းဆုံး အထိရောက်ဆုံးဖြစ်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ သို့သော် အပေါင်းလက္ခဏာဆောင်သည့် စိတ်ဓာတ်ဖြင့် လုပ်ချင်ပါကြောင်း၊ ဥပမာ ကွဲပြားရခြင်းအကြောင်းတစ်ခုမှာ မခံချင်စိတ်၊ ဒေါသတို့ကို ရှေ့တန်းတင်ခြင်းကြောင့် ဖြစ်ပါကြောင်း၊ မိမိတို့သည် မေတ္တာတရားကို ရှေ့တန်းတင်မည်၊ မျှဝေကူညီချင်သည့်စိတ်ကို ရှေ့တန်းတင်မည်ဆိုလျှင် ယခုလိုကွဲပြားစရာအကြောင်း ရှိမည်မထင်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း ပြုလုပ်စဉ်။ (သတင်းစဉ်)

ထို့ပြင် လူတို့သည် သဘာဝအရ အနိုင်ကျင့်သူများလည်း ရှိပါကြောင်း၊ ဒါကို မငြင်းပါကြောင်း၊ အနိုင်ကျင့်သူများ အနိုင်မကျင့်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ အဖြေတစ်ခုရှာရမည် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သည့် တိုင်းရင်းသူ၊ တိုင်းရင်းသားများက ဆွေးနွေးချင်တာကို စပြီးဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စကားဝိုင်းသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားများက ပြည်သူလူထု၏ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များ၊ နိုင်ငံရေးအရ၊ လူမျိုးရေးအရ တန်းတူပူးပေါင်းနိုင်မည့် အာမခံချက်များ၊ ကရင်ပြည်နယ်တွင် ကျင်းပခဲ့သည့် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုများ၊ ယုံကြည်မှု၊ ညီညွတ်မှု၊ တစ်ဦးကိုတစ်ဦး လေးစားမှု၊ သာတူညီမှုများဖြင့် တည်ဆောက်ခဲ့သည့်အတွက် အောင်မြင်ခဲ့မှုများ၊ အကြောက်တရားနှင့် ဗိုးရိမ်ကြောင့်ကြမှုကြောင့် ငြိမ်းချမ်းရေးမရနိုင်ဟု ထင်မြင်ချက်များ၊ မငြိမ်းချမ်းသေးသည့်အတွက် တိုင်းပြည်နစ်နာနေမှုများ၊ ငြိမ်းချမ်းရေးအတွက် တစ်ဦးအပေါ်တစ်ဦး သဘောထားကြီးရန် လိုအပ်မှုများ၊ လက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံဆွေးနွေးမှုများများပြုလုပ်ရန် လိုအပ်မှုများ၊ ပင်လုံစာချုပ် ပင်လုံကတိကဝတ်များကို အကောင်အထည်ဖော်ရန် လက်တွေ့ကျကျလုပ်ဆောင်ရန် လိုအပ်မှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါစကားဝိုင်းသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းစဉ်များတွင် ပညာရှင်အဖြစ် ပါဝင်ပံ့ပိုးနေသူ ကချင်တိုင်းရင်းသူ ဒေါ်လရှမ်းဆိုင်းပန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်သားအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာရေး လုပ်ငန်းများတွင် ပါဝင်ပံ့ပိုးသူ ကယားတိုင်းရင်းသားခူးပလုရယ်၊ အရပ်ဘက် လူ့အဖွဲ့အစည်းများဖိုရမ်ကျင်းပနိုင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ ဗမာ - ကချင်တိုင်းရင်းသူ ဒေါ်ဖေးယုမွန်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အကျိုးဆောင်အဖြစ် ပံ့ပိုးဆောင်ရွက်သူ ချင်းတိုင်းရင်းသူ မိုင်ချင်းချင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်ကျင်းပနိုင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ မွန်တိုင်းရင်းသား မင်းအောင်ထူး၊ ပဋိပက္ခလျှော့ချနိုင်ရေး ပညာပေးလုပ်ငန်းနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ထွန်းရေး ပညာပေးဆောင်ရွက်သူ ရခိုင်တိုင်းရင်းသား ဦးဦးအောင်သန်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှု မြှင့်တင်နိုင်ရေးနှင့် တိုင်းရင်းသား လူငယ်များအရေးဆောင်ရွက်သူ ရှမ်းတိုင်းရင်းသား စိုင်းအောင်မြင့်ဦး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးနှင့် လူထုပူးပေါင်းပါဝင်လာရေး ဆောင်ရွက်သူ မွန်-ကရင်-ဗမာ တိုင်းရင်းသူ ဒေါ်သန္တာဦး၊ တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးရေးဆောင်ရွက်သူ ဗမာတိုင်းရင်းသား ဦးကျော်ထက်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အကျိုးဆောင်အဖြစ် ပံ့ပိုးဆောင်ရွက်သူ ကချင်တိုင်းရင်းသူ ဒေါ်အယ်လ ဂျာနန်၊ ကရင်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ ကရင်တိုင်းရင်းသူ နန်းမြသီတာ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်သူ ရှမ်းတိုင်းရင်းသူ နန်းမိုမိုသီတာတို့ ပါဝင်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တတိယအကြိမ် ဂျပန်စတိုင် ၁၀ ပြား စျေးရောင်းပွဲတော်အား ပြည်သူ့ဉယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

တတိယအကြိမ်မြောက် ကျင်းပသည့် ဂျပန်စတိုင် ၁၀ ပြား စျေးရောင်းပွဲတော်အား တွေ့ရစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နှစ် (၇၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တတိယအကြိမ်မြောက် ကျင်းပသည့် ဂျပန်စတိုင် ၁၀ ပြား စျေးရောင်းပွဲတော် (FLEA MARKET) ကို ရန်ကုန်မြို့ ပြည်သူ့ဉယျာဉ် ပြည်လမ်းဝင်ပေါက်အနီး၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)က တစ်ရက်တာ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ စျေးရောင်းပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

မြန်မာ - ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးအေးကိုကိုက "ဒီ ၁၀ ပြား စျေးရောင်းပွဲတော်ဆိုတာ စျေးအနည်းဆုံးချကာ စုပုံရောင်းချတဲ့ စျေးရောင်းပွဲတော်တစ်ခုလို့ ပြောလို့ရပါတယ်။ ရောင်းသူရောဝယ်သူရော ပေါ့ပေါ့ပါးပါးစျေးနဲ့ ရောင်းဝယ်ကြတဲ့ စျေးပွဲတော်ပါ။ အမြတ်အစွန်းမပါပါဘူး။ အဓိကကတော့ အသုံးတည့်မယ့်သူတွေဆီကို ပစ္စည်းတွေ ရောက်သွားပြီး အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ဖို့ ပရဟိတဆန်ဆန် ရောင်းချတဲ့ စျေးရောင်းပွဲတော်လည်း ဖြစ်ပါတယ်။ ဒီအလေ့အကျင့်များကို မြန်မာလူထုသိစေဖို့ ကျွန်တော်တို့အသင်းက ပထမဆုံးကျင်းပတာပါ"ဟု ပြောသည်။

အဆိုပါစျေးရောင်းပွဲတော်၌ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ ဂျပန်လူမျိုးများ၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ဂျပန်နိုင်ငံရောက် သင်္ဘောသားများ၊ ပြည်တွင်းရှိ ဂျပန်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအပါအဝင် စုစုပေါင်းဆိုင်ခန်း ၉၀ နီးပါးခန့် လာရောက်ခင်းကျင်းပြသရောင်းချကြပြီး စျေးရောင်းပွဲတော်၌ ငွေကျပ်တစ်သိန်းထက်မကျော်သော လျှပ်စစ်ပစ္စည်းများ၊ အမျိုးသား အမျိုးသမီးသုံး အလှကုန်ပစ္စည်းများ၊ အကျီအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများအား လာရောက်ခင်းကျင်းပြသရောင်းချခဲ့ကြကာ ကုန်ပစ္စည်းများမှာ ဂျပန်ပစ္စည်း အများဆုံးပါဝင်ကြောင်း သိရသည်။

ယခုစျေးရောင်းပွဲတော်သည် တတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ရောင်းအားကောင်းမွန်မှုနှင့် ပြည်သူလူထု၏ စိတ်ဝင်စားမှုအပေါ်မူတည်ကာ ပွင့်လင်းရာသီများ၌ ကျယ်ပြန့်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ - ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)

■

*** ရှေ့ဖုံးမှ**

သမိုင်းရဲ့အင်မတန်မှ တန်ဖိုးရှိတဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ အသိအမှတ်ပြုထားပါတယ်။

သမိုင်းဆိုတာဟာ ဘယ်တော့မှ ရပ်မနေပါဘူး။ ဆက်ပြီးတော့ လှုပ်ရှားသွားတာဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများဟာ ပင်လုံသမိုင်းကို စတင်ပြီးတော့ ထူထောင်ခဲ့တယ်။ ဒီသမိုင်းဟာ အောင်အောင်မြင်မြင်နဲ့ နိဂုံးချုပ်ဖို့အတွက် တာဝန်ကတော့ ကျွန်မတို့အပေါ်မှာ ကျရောက်လာပြီဖြစ်ပါတယ်။

သမိုင်းကနေ ဘယ်သူမှမလွတ်မြောက်နိုင်ပါဘူး။ ခေတ်အဆက်ဆက် ကမ္ဘာတည်သရွေ့ ကျွန်မတို့ရဲ့ လုပ်ရပ်တွေကို မျိုးဆက်တွေတစ်ဆက်ပြီး တစ်ဆက်က သုံးသပ်ပြီး စီရင်ချက်ချသွားမှာဖြစ်ပါတယ်။ ဒီလို စီရင်ချက်ချမယ့် ပြည်သူလူထုရဲ့ ခုံရုံးရှေ့မှာ အခုလက်ရှိ မျိုးဆက်တွေမဟုတ်ဘဲနဲ့ နောင်လာမယ့် မျိုးဆက် အဆက်ဆက်ရဲ့ ခုံရုံးတွေရှေ့မှာ ဘယ်လောက်အထိ မားမားမတ်မတ်ရပ်တည်ပြီးတော့ လက်ခံနိုင်မလဲ၊ ကျွန်မတို့ဟာ ဒီခုံရုံးတွေရဲ့ ဘယ်လိုဆုံးဖြတ်ချက်တွေကို ရင်ဆိုင်ရမလဲဆိုတာ အခုအချိန်မှာ လေးလေးနက်နက်စဉ်းစားဖို့ ရသွားပါပြီ။

တိုင်းရေးပြည်ရေးနဲ့ပတ်သက်လို့ အင်မတန်မှ ကျွမ်းကျင်ခဲ့တဲ့ပုဂ္ဂိုလ်ကြီး၊ ကဗျာဆရာကြီးတစ်ဦးရဲ့ ရေးသားချက်တွေကို ကျွန်မတို့ ပြည်သူအများ သိကြမှာ ဖြစ်ပါတယ်။

"စစ်နည်းဗျူဟာ ဘယ်လိုကြွယ်လည်း၊ စွဲကိုင်လက်နက် ဘယ်လိုထက်လည်း ပြည်သူ့နှလုံး မသိမ်းကျုံးလျှင်၊ ပြည်သူ့စွမ်းအား မကိုးစားလျှင်၊ ဓားသွားလည်း ကြွေအံ့၊ လှံလည်း ခွေအံ့"... တဲ့။

ကျွန်မတို့ရဲ့ အဓိကအင်အားဟာ ပြည်သူရဲ့နှလုံးများနဲ့ ပြည်သူရဲ့ စွမ်းအား ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရယူဖို့ ကြိုးစားတဲ့အခါမှာ ဒီအဓိကအင်အားတွေကို ရယူဖို့ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့နှလုံးသားတွေကို သိမ်းကျုံးဖို့ဆိုတာ ပြည်သူ့အတွက် ရေရှည်အကျိုး၊ အခုလက်ရှိ ပစ္စုပ္ပန်တင်သာမကဘဲ နောင်လာမယ့်အဆက်ဆက်သော ကျွန်မတို့မျိုးဆက်တွေရဲ့အကျိုးအတွက် ကျွန်မတို့ ဘယ်လောက်စွန့်စားရဲတယ်၊ ဘယ်လောက်ခံရဲတယ်ဆိုတာ အဓိကကျွန်မတို့အပေါ်မှာ ကျရောက်မယ့်တာဝန်ဖြစ်ပါတယ်။

ပြည်သူလူထုဟာ မိမိတို့အတွက် ဘယ်သူတွေက အစစ်အမှန် စွန့်စားတယ်၊ စွန့်လွှတ်တယ်ဆိုတာကို ကောင်းကောင်းသိပါတယ်။ ဆိုရိုးစကားရှိပါတယ်။ အများကို တစ်ခဏ လှည့်ဖြားလို့ရပါလိမ့်မယ်၊ အားလုံးကို ထာဝရတော့ ဘယ်တော့မှ လှည့်ဖြားလို့မရပါဘူး။

ပြည်သူဟာ မိမိတို့ရဲ့အကျိုးအတွက် ဘယ်သူတွေ ဆောင်ရွက်ရမလဲဆိုတာကို ကောင်းစွာသိပါတယ်။ ပြည်သူတွေအတွက် တန်ဖိုးအရှိဆုံး၊ အကြီးမားဆုံးအကျိုးကတော့ ငြိမ်းချမ်းရေးပါပဲ။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ မရှိနိုင်ပါဘူး။ ဒါကြောင့် ကျွန်မပြည်ထောင်စုနေ့မှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ပါဝင်နေတဲ့အစုအဖွဲ့အားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။

သတ္တိရှိရှိနဲ့ပြည်သူ့အကျိုးအတွက် စွန့်စားပါ၊ စွန့်လွှတ်ပါ၊ စွန့်စားခြင်း၊ စွန့်လွှတ်ခြင်းဆိုတာ အမြင့်မားဆုံးသတ္တိဖြစ်ပါတယ်။ ဖေဖေကလည်း ပြောခဲ့ဖူးပါတယ်။ လုပ်ရဲတယ်ဆိုတာ တကယ့်သတ္တိမဟုတ်ဘူး။ ခံရတယ်ဆိုတာ တကယ့်သတ္တိတဲ့။ ခံရတယ်ဆိုတာ အဓိပ္ပာယ်က ဘာလဲဆိုတော့ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေအတွက် လုပ်ခြင်းအားဖြင့် ဖြစ်လာမယ့် ရလဒ်တွေကို ရင်ဆိုင်ရဲတာ၊ ခံရဲတာကို ဆိုလိုတာဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ ပင်လုံရယ်လို့ ဖြစ်လာရတာဟာ တိုင်းရင်းသားခေါင်းဆောင်ကြီးများက လွတ်လပ်ရေးရဖို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းညီညာ လုပ်မှသာလျှင် မြန်မြန်ဆန်ဆန် ချောချောမွေ့မွေ့ရရှိနိုင်တယ်ဆိုတာ ယုံကြည်လို့လုပ်ခဲ့ကြတာဖြစ်ပါတယ်။

အခုဆိုရင် ကျွန်မတို့ငြိမ်းချမ်းရေးရဖို့အတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်နေတဲ့အခါ ယုံကြည်မှုမဖို့လိုတယ်ဆိုတာ ထပ်တလဲလဲ ပြောကြပါတယ်။ စစ်မှန်တဲ့ယုံကြည်မှု ရှိရမယ်ဆိုတော့ အများကတော့ ယုံကြည်မှုဆိုတာဟာ အခုကွဲပြားနေတဲ့ အစုအဖွဲ့တွေကြားထဲမှာ ယုံကြည်မှုရအောင်လုပ်ခြင်းလို့ပဲ နားလည်ကြပါတယ်။ ကျွန်မကတော့ အရေးအကြီးဆုံးယုံကြည်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းလို့ပဲ ဒီလိုပဲသတ်မှတ်ပါတယ်။

ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာပါနေတဲ့ အစုအဖွဲ့ပုဂ္ဂိုလ်များ အားလုံးဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်၊ ကိုယ်ဟာ ကိုယ့်နိုင်ငံအကျိုးအတွက် ငြိမ်းချမ်းတဲ့နည်းနဲ့ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ဖို့ဟာ ပထမလိုအပ်ချက်ဖြစ်ပါတယ်။ ဒီလိုယုံကြည်မှုရှိပြီဆိုရင် ငြိမ်းချမ်းရေးညီလာခံမှာ မပါဝင်နိုင်တဲ့သူတစ်ယောက်မှရှိမှာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ခြင်းအားဖြင့် ကိုယ်ဟာကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်ထောင်စုအတွက် အကောင်းဆုံးလုပ်ပေးချင်တဲ့ စေတနာရှိတယ်၊ လုပ်ပေးနိုင်တဲ့စွမ်းရည်ရှိတယ်ဆိုတာကို ယုံကြည်သောအားဖြင့် ကျွန်မတို့ရဲ့ (၂၁)ရာစုပင်လုံညီလာခံမှာ အားလုံးပဲ ပါဝင်ကြပါလို့ ကျွန်မအနေနဲ့ ဆော်သြချင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘဲနဲ့ အခြားအစုအဖွဲ့ပုဂ္ဂိုလ်တွေကို ယုံကြည်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် ပထမဦးဆုံး ယုံကြည်မှုဆိုတာ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို အားမွေးကြပါ။ ရှင်သန်အောင်လုပ်ကြပါ၊ ငါတို့ဟာ ငါတို့ရဲ့ လာမယ့်မျိုးဆက်တွေအားလုံးအကျိုးအတွက် လုပ်နိုင်ရည်ရှိတယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ပင်လုံကို ချဉ်းကပ်ကြပါ။

သမိုင်းဆိုတာဟာ ဘယ်သူမှ ရုန်းထွက်လို့မရတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ဟာ သမိုင်းတွင်တဲ့ လုပ်ငန်းတစ်ခုလုပ်ဖို့ ကြိုးစားနေကြတာပါ။ ဒီမျိုးဆက် ဒီအချိန်၊ ဒီအခါမှာ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမိုင်း ခိုင်မြဲသွားဖို့၊ လုပလင်းလက်သွားဖို့ လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေမှာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဒီအကျိုးတွေကို အပြည့်အဝ ခံစားကြရမှာဖြစ်ပါတယ်။

ဘာမှတော့ လွယ်လွယ်နဲ့မရပါဘူး။ ကျွန်မတို့ အခုထိ လွတ်လပ်ရေးရပြီး ကာလကနေစပြီးတော့ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးရရှိဖို့ မစွမ်းဆောင်နိုင်ခဲ့သေးပါဘူး။ တစ်နေရာမဟုတ် တစ်နေရာမှာတော့ ကျွန်မတို့အချင်းချင်းကြားမှာ စစ်မက်တွေဖြစ်ပွားခဲ့တယ်ဆိုတာဟာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီဟာတွေ ငြိမ်းအေးဖို့ လုပ်ဖို့ဆိုတာ ကျွန်မတို့မှာ အခွင့်အရေးရှိသလို တာဝန်လည်းရှိပါတယ်။ ကျွန်မတို့ရဲ့အခွင့်အရေးကို ထိထိရောက်ရောက်နဲ့ သုံးစွဲစေချင်ပါတယ်။

ကမ္ဘာကျော်နိုင်ငံရေးသိပ္ပံဆရာကြီးတစ်ဦးက ပြောသွားပါတယ်။ နိုင်ငံရေးမှာ အောင်မြင်မှုရှိဖို့ အချက်(၃)ချက်လိုအပ်ပါတယ်တဲ့။ ပထမဆုံး အချက်ကတော့ ကိုယ်ယုံကြည်တဲ့အရေးအပေါ်မှာ တမြတ်တနိုးနဲ့ သစ္စာတည်ခြင်းပါပဲတဲ့။ ဒုတိယအချက်ကတော့ တာဝန်သိမှုစိတ်ဓာတ်ပါပဲတဲ့။ တတိယကတော့ မှန်ကန်တဲ့၊ သုံးသပ်ဆင်ခြင်နိုင်တဲ့ စိတ်ဓာတ်ရှိရမယ်တဲ့။ အဲဒီတော့ ဘယ်လိုအဓိပ္ပာယ် ဖော်လဲဆိုတော့ ကျွန်မတို့ရဲ့လုပ်ရပ်တွေရဲ့ အကျိုးဆက်တွေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ရမယ်။

ပထမဦးဆုံးအားဖြင့် ကျွန်မတို့ယုံကြည်တဲ့အရေးဆိုတာဟာ ပြည်ထောင်စုနေ့မှာဆိုရင် အားလုံးအတွက် ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ ကျွန်မတို့ယုံကြည်တဲ့အရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ်မှာ သစ္စာရှိရမယ်၊ မြတ်နိုးရမယ်။ ငြိမ်းချမ်းရေးကို အမှန်တကယ်မြတ်နိုးရမယ်။ ငြိမ်းချမ်းရေး လိုချင်ပါတယ်၊ လိုချင်ပါတယ်ဆိုပြီးတော့ ငြိမ်းချမ်းရေးကို တကယ်မမြတ်နိုးရင်တော့ ငြိမ်းချမ်းရေးနဲ့ ဖီလာဆန့်ကျင်တဲ့ အပြုအမူတွေကို လုပ်မိကြပါလိမ့်မယ်။

နောက်ပြီးတော့လည်း ဒီအရေးပေါ်မှာ သစ္စာရှိရမယ်။ ငြိမ်းချမ်းရေးအပေါ်မှာ သစ္စာရှိဖို့ဆိုတာဟာ ငြိမ်းချမ်းရေးအတွက် အားလုံးစွန့်လွှတ်ရဲရမယ်၊ စွန့်စားရဲရမယ်။ အဲဒါဟာသစ္စာရှိခြင်းပါပဲ။ နောက်ဆရာကြီးပြောသွားတဲ့ ဒုတိယအောင်မြင်မှုအချက်ကတော့ တာဝန်သိစိတ်ဓာတ်ရှိရမယ်၊ တာဝန်သိစိတ်ဓာတ်မရှိဘဲနဲ့ တန်ဖိုးရှိတဲ့ဘယ်အရာကိုမှ မှန်မှန်ကန်ကန်နဲ့ အောင်မြင်အောင် လုပ်နိုင်မှာမဟုတ်ပါဘူး။

တာဝန်ရှိခြင်း၊ တာဝန်ယူခြင်းဆိုတာဟာ ဘာလဲဆိုတော့ ကိုယ်လုပ်တာအတွက် ကိုယ်တာဝန်ယူရမယ်။ တစ်ခုခုမှားသွားရင် ဟိုဘက်က၊ ဟိုလူကြောင့်၊ ဒီလူကြောင့် ဆိုပြီး ပထမဦးဆုံး လက်ညှိုးထိုးချင်တဲ့ ပုဂ္ဂိုလ်များ ရှိပါတယ်။ တကယ်တော့ ပြဿနာတစ်ခုရှိပြီ၊ ကျွန်မတို့အတွက် အကျိုးယုတ်စေတဲ့ ကိစ္စတစ်ခုပေါ်ပေါက်လာပြီဆိုရင်တော့ ပထမဦးဆုံးလုပ်ရမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့သုံးသပ်ရမှာပဲ။ ငါ့မှာ ဘာလိုအပ်ချက်ရှိခဲ့သလဲ၊ ငါဘယ်နေရာမှာ လွဲမှားခဲ့သလဲ၊ ငါ့မှာ ဘယ်လိုအားနည်းချက် ရှိသလဲ၊ ငါ့ကြောင့် ဒီပြဿနာဟာ ဘယ်လောက်အတိုင်းအတာအထိဖြစ်ပေါ်လာတာလဲ။ ဒါဟာတာဝန်ယူခြင်းပါပဲ။ ငါ့မှာတာဝန်ရှိတယ်။ တာဝန်မသိတဲ့ပုဂ္ဂိုလ်များဟာ ဘာပဲဖြစ်ဖြစ် သူတစ်ပါးကြောင့်ဆိုပြီး လက်ညှိုးထိုးတတ်ကြပါတယ်။ တာဝန်ယူခြင်း စိတ်ဓာတ်ရှိရမယ်။

ကိုယ့်မှာ အားနည်းချက်ရှိတာလား၊ တခြားသူတွေမှာ အားနည်းချက်ရှိတာလား။ တခြားသူတွေရဲ့ အားနည်းချက်တွေကို ပြင်ဖို့မပြောမီ ကိုယ့်အားနည်းချက်တွေကို ကိုယ်စပြီးတော့ ပြင်ဖို့က အင်မတန်အရေးကြီးပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ လုပ်ရပ်တွေရဲ့ အကျိုးရလဒ်တွေဟာ ဘယ်လိုရှိမလဲဆိုတာကို ဆင်ခြင်တုံတရားနဲ့ ကျွန်မတို့ကနေပြီးတော့ ခန့်မှန်းရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ တာဝန်ယူတယ်ဆိုတာဟာ ကျွန်မတို့ကြောင့် ငြိမ်းချမ်းရေးကို ဘယ်လောက်ထိပါးမှုရှိသလဲ။ ကျွန်မတို့လုပ်ရပ်တွေဟာ ငြိမ်းချမ်းရေးကို ဘယ်လောက်အားပေးသလဲ။ အဲဒီဟာကိုတော့ ရဲရဲဝံ့ဝံ့နဲ့ ကိုယ့်ကိုယ်ကိုယ် ပထမသုံးသပ်ရမှာပဲ။ ဒါကတော့ တာဝန်ယူခြင်းပဲဖြစ်ပါတယ်။ တတိယအချက်ကတော့ ဆင်ခြင်တုံတရားရှိခြင်း၊ ဒီဆင်ခြင်တုံတရားဆိုတာ ကလည်း ကိုယ့်လုပ်ရပ်ရဲ့ အကျိုးဆက်တွေ၊ ရလဒ်တွေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်တဲ့ အရည်အချင်းကို ဆိုလိုတာပါလို့ ဆရာကြီးက ရှင်းပြသွားပါတယ်။

အခု အားလုံးဟာ ဒုတိယပင်လုံကနေတစ်ဆင့် ကျွန်မတို့ပြည်ထောင်စုရဲ့ ထာဝရ၊ ထာဝရဆိုတာ ကမ္ဘာတည်သရွေ့ကိုဆိုလိုတာပါ။ ကမ္ဘာတည်သရွေ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အခုလုပ်ရပ်တွေဟာ၊ ကျွန်မတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာ ကျွန်မတို့ ဖြောင့်ဖြောင့်မတ်မတ် စဉ်းစားဆင်ခြင်ဖို့လိုပါတယ်။ ဖြောင့်ဖြောင့်မတ်မတ်ဆိုတာ တခြားလူနဲ့ ဖြောင့်ဖြောင့်မတ်မတ် ပြောတာမဟုတ်ပါဘူး။ ကိုယ်နဲ့ ကိုယ့်ကိုယ်ကိုယ် ဖြောင့်ဖြောင့်မတ်မတ် စဉ်းစားဖို့၊ တွေးခေါ်ဖို့ ပြောတာပါ။ စောစောက ပြောသွားတဲ့ တာဝန်ရှိမှုဆိုတာနဲ့လည်း ဆက်နွယ်နေပါတယ်။ ကိုယ့်မှာ အားနည်းချက်ရှိတာလား၊ တခြားသူတွေမှာ အားနည်းချက်ရှိတာလား။ တခြားသူတွေရဲ့ အားနည်းချက်တွေကို ပြင်ဖို့မပြောမီ ကိုယ့်အားနည်းချက်တွေကို ကိုယ်စပြီးတော့ ပြင်ဖို့က အင်မတန်အရေးကြီးပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ လုပ်ရပ်တွေရဲ့ အကျိုးရလဒ်တွေဟာ ဘယ်လိုရှိမလဲဆိုတာကို ဆင်ခြင်တုံတရားနဲ့ ကျွန်မတို့က နေပြီးတော့ ခန့်မှန်းရမှာဖြစ်ပါတယ်။ ဒီဟာကတော့ ဉာဏ်ရည်ပါပဲ။

ဒီတော့ ငြိမ်းချမ်းရေးရဖို့ အဓိကဟာ လက်ရုံးရည်လား၊ နှလုံးရည်လား ဆိုတာ အားလုံးသေသေချာချာစဉ်းစားကြပါ။ ကျွန်မကတော့ နှလုံးရည်ကို အင်မတန်မှ ယုံကြည်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အခု ကျွန်မတို့ အချင်းချင်း သဘောတူညီမှုမရှိကြလို့၊ တစ်ယောက်ပေါ်တစ်ယောက် သံသယရှိလို့၊ တစ်ယောက်နဲ့တစ်ယောက် ကွဲလွဲမှုတွေရှိလို့ တိုက်ကြ၊ ခိုက်ကြတယ်ဆိုတော့ ကျွန်မတို့ ဘာတွေအားကိုးကြသလဲ၊ ရုပ်ပိုင်းဆိုင်ရာ လက်နက်တွေကို ကျွန်မတို့အားကိုးရပါတယ်။ ရုပ်ပိုင်းဆိုင်ရာ လက်နက်တွေဆိုတာ ဘယ်ကမြစ်ဖျားခံသလဲ။ ကျွန်မတို့ လူသားများရဲ့ ဦးနှောက်ကပဲ မြစ်ဖျားခံတာဖြစ်ပါတယ်။

လူသားများရဲ့ ဦးနှောက်ကပဲ စဉ်းစားပြီး တီထွင်လိုက်တဲ့ လက်နက်တွေဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာကိစ္စအရပ်ရပ်၊ သဘာဝက ဖန်တီးထားတာကလွဲလို့ သဘာဝနဲ့ မသက်ဆိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာအရပ်ရပ်ဟာ ကျွန်မတို့ရဲ့ဉာဏ်ရည်က၊ ကျွန်မတို့ရဲ့ ဦးနှောက်တွေထဲကနေပြီးတော့ ပေါက်ဖွားလာတာဖြစ်ပါတယ်။ ဒီဦးနှောက်တွေကို ငြိမ်းချမ်းရေးရဖို့အတွက် မသုံးနိုင်ဘူးလား။ ငြိမ်းချမ်းရေးကို ထိခိုက်စေမယ့် အရာတွေအတွက် သုံးနိုင်တဲ့ ဦးနှောက်တွေကို ငြိမ်းချမ်းရေးအတွက် မသုံးနိုင်ဘူးလား ဆိုတာ အားလုံး လေးလေးနက်နက် စဉ်းစားဖို့လိုပါတယ်။ တကယ်ပဲ သုံးနိုင်မယ်ဆိုရင် မအောင်မြင်နိုင်စရာ အကြောင်းမရှိပါဘူး။

သိပ္ပံပညာရှင်များက ပြောပါတယ်။ လူသားများဟာ ယေဘုယျအားဖြင့် မိမိတို့ရှိတဲ့ ဦးနှောက်ဉာဏ်စွမ်းရဲ့ ဆယ်ရာခိုင်နှုန်းလောက်ကိုပဲ သုံးပါတယ်တဲ့။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းက အိပ်နေတယ်ဆိုပါတော့။ ဒီတော့ ကျွန်မတို့မှာ ရှိတဲ့ ဦးနှောက်ဉာဏ်စွမ်းတွေ ၁၀ ရာခိုင်နှုန်းထက်ပိုပြီး ၁၀၀ ရာခိုင်နှုန်း မဟုတ်တောင်မှ ၂၀ ရာခိုင်နှုန်းလောက်များ ငြိမ်းချမ်းရေးအတွက် အသုံးချမယ်ဆိုရင် ကျွန်မတို့ ငြိမ်းချမ်းရေးမရစရာအကြောင်း ဘာမှမရှိဘူးလို့ အဓိက ယုံကြည်ပါတယ်။ ဒါက ယုံကြည်ချက်ပေါ့။

ဒါကြောင့် ကျွန်မထပ်ပြီးတော့ ပြောပါရစေ။ အခုကျွန်မတို့တည်ဆောက်ရမယ့် ယုံကြည်ချက်က မိမိကိုယ်ကိုမိမိ ယုံကြည်ချက်ဖြစ်ပါတယ်။ ညီလာခံမှာ ထိုင်ပြီးတော့ ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်တယ်ဆိုတဲ့ ကိုယ့်ရဲ့ စွမ်းရည်ပေါ်မှာ ယုံကြည်ချက်မရှိကြဘူးလား၊ ရှိဖို့လိုပါတယ်။ ကိုယ့်ရဲ့ ဉာဏ်ရည်ပေါ်မှာ၊ ကိုယ့်ရဲ့ နှလုံးရည်ပေါ်မှာ ယုံကြည်ချက်ရှိတဲ့ ပြည်ထောင်စုသား အားလုံးဟာ ညီလာခံမှာ ပါဝင်ဖို့ရာ စိုးရိမ်စရာမရှိပါဘူး။

ကျွန်မတို့ရဲ့ ပြည်ထောင်စုသားများအားလုံးနဲ့ပတ်သက်ပြီးတော့ ယုံကြည်ချက် ရှိပါတယ်။ ဒါကြောင့် ယခုတိုင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်မထိုးရသေးလို့ ညီလာခံထဲမှာ အပြည့်အဝမပါလာနိုင်သေးတဲ့ တိုင်းရင်းသား အစုအဖွဲ့တွေကို မေတ္တာရပ်ခံပါရစေ။ ကိုယ့်ကိုယ်ကိုယ်

စာမျက်နှာ ၇ သို့

အခု ကျွန်မတို့တည်ဆောက်ရမယ့် ယုံကြည်ချက်က မိမိကိုယ်ကိုမိမိ ယုံကြည်ချက်ဖြစ်ပါတယ်။ ညီလာခံမှာ ထိုင်ပြီးတော့ ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်တယ်ဆိုတဲ့ ကိုယ့်ရဲ့ စွမ်းရည်ပေါ်မှာ ယုံကြည်ချက်မရှိကြဘူးလား၊ ရှိဖို့လိုပါတယ်။ ကိုယ့်ရဲ့ ဉာဏ်ရည်ပေါ်မှာ၊ ကိုယ့်ရဲ့ နှလုံးရည်ပေါ်မှာ ယုံကြည်ချက်ရှိတဲ့ ပြည်ထောင်စုသား အားလုံးဟာ ညီလာခံမှာ ပါဝင်ဖို့ရာ စိုးရိမ်စရာမရှိပါဘူး။

ပြည်တွင်းရေးရာ

❑ စာမျက်နှာ ၆ မှ

ယုံကြည်ပါ၊ ကိုယ့်ရဲ့စွမ်းအင်ကို ယုံကြည်ပါ။ ကျွန်မတို့ကို ယုံကြည်ဖို့မပြောပါဘူး။ ကိုယ့်ရဲ့စွမ်းအင်နဲ့၊ ကိုယ့်ရဲ့ထက်မြက်မှုနဲ့ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ရယူပြီးတော့ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်အောင်သွားနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ကို ပြုစုပျိုးထောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

ပြည်သူလူထုအားလုံးကတော့ ငြိမ်းချမ်းရေးလိုချင်ပါတယ်။ သာမန်ပြည်သူတွေထဲမှာ ငြိမ်းချမ်းရေးမလိုချင်တဲ့လူရယ်လို့မရှိဘူးလို့ ကျွန်မကတော့ ယုံကြည်ပါတယ်။ ပြည်သူများဟာ မိမိတို့ဘဝတွေ ငြိမ်းချမ်းဖို့၊ တိုးတက်ဖို့ မိမိတို့ရဲ့သားတွေ၊ မြေးတွေ၊ နောင်လာမည့်မျိုးဆက်တွေ အေးချမ်းစွာနေနိုင်ဖို့ အတွက် မလိုလားဘဲရှိကြပါ့မလား၊ ။ ဒီပြည်သူရဲ့ စွမ်းအားတွေကို စုစည်းနိုင်မယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ မတိုးတက်နိုင်စရာအကြောင်း ဘာမှမရှိပါဘူး။ အခုချိန်ခါမှာဆိုရင် ပြည်ထောင်စုကြီးဟာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ စနစ်အသစ်တစ်ခု ထူထောင်တယ်ဆိုတာဟာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမယ့် ယုံကြည်ချက်နဲ့ စနစ်တစ်ခုထူထောင်လို့ ရမယ်ဆိုပြီးတော့ ကျွန်မတို့ လုပ်ဆောင်နေတာဖြစ်ပါတယ်။

အမျိုးသားရင်ကြားစေ့ရေးဆိုတာ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဆိုတာ မတူကွဲလွဲတဲ့ သဘောထားတွေကို ညှိနှိုင်းနိုင်တဲ့ အရည်အချင်းပေါ်မှာ မူတည်ပါတယ်။ မတူကွဲပြားတဲ့ပုဂ္ဂိုလ်များဟာ မှားတယ်လို့ ဘယ်တော့မှ သတ်မှတ်လို့မရပါဘူး။ အမှားအမှန်ဆိုတာဟာ လူတိုင်းမှာ အတိုင်းအတာတစ်ခု ရှိပါတယ်။ လူတိုင်းမှာ အားနည်းချက်ရှိတယ်၊ အားသာချက်ရှိတယ်။ ကိုယ့်ရဲ့အားသာချက်တွေကို ပြုစုပျိုးထောင်သလို ကိုယ့်ရဲ့အားနည်းချက်တွေကို ပယောက်သွားဖို့ လုပ်ဖို့ဆိုတာ ကိုယ်တစ်ဦးတစ်ယောက်မှာပဲ အဓိကတာဝန်ရှိပါတယ်။ တခြားသူတွေကို လက်ညှိုးထိုးပြီးတော့ တခြားပုဂ္ဂိုလ်များရဲ့ ပယောဂကြောင့် ပြဿနာဖြစ်တာဆိုပြီး ပြောလို့မရပါဘူး။

ပယောဂတွေဆိုတာ ရှိတတ်ပါတယ်။ တချို့တွေက မိမိတို့ရဲ့ အကျိုးစီးပွားအတွက်ပဲဖြစ်ဖြစ်၊ တခြားအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကျွန်မတို့နိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်မှာ၊ ငြိမ်းချမ်းရေးရမှာ သိပ်ပြီးတော့ မလိုလားကြပါဘူး။ ဒါပေမယ့် ဒီလိုအနုတ်သဘောဆောင်တဲ့ စိတ်ဓာတ်တွေကို ကြောက်ရွံ့စရာမလိုပါဘူး။ ကျွန်မတို့ရဲ့ ဆင်ခြင်တုံတရားနဲ့၊ ညီညွတ်မှုနဲ့၊ သတ္တိနဲ့ ဒီဟာတွေကို ကျော်လွှားနိုင်ပါတယ်။ ဒီလိုကျော်လွှားဖို့ ကြိုးစားခြင်းဟာလည်း ကျွန်မတို့အားလုံးရဲ့ အရည်အချင်းတွေကို၊ အရည်အသွေးတွေကို ပိုမိုပြီးတော့ ထက်မြက်လာအောင်လို့ အားပေးတယ်လို့ သတ်မှတ်လို့ရပါတယ်။

ဒါကြောင့် တစ်နှစ်တစ်နှစ် ပြန်လည်လာပြီဆိုရင် အခွင့်အရေးအသစ်တွေ ထပ်တလဲလဲ ပြန်ပြီးတော့ရပါတယ်။ ဒါဟာ လောကကြီးရဲ့ အားသာချက်တစ်ခုပါ။ ကျွန်မတို့ဟာ နှစ်သစ်၊ နှစ်သစ်လို့ဆိုပေမယ့်လည်း တကယ်တော့ ကမ္ဘာကြီးဟာ လည်လို့၊ ကမ္ဘာကြီးဟာ နေကိုပတ်လို့၊ ဝိုင်းဝိုင်းလည်လည် သွားနေလို့ နှစ်သစ်တွေဟာ ပြန်ပြီးတော့ပေါ်လာတာပါ။ ဒီအတိုင်းပဲ ကျွန်မတို့အတွက် အကျိုးအသစ်တွေ၊ အခွင့်အရေးသစ်တွေဆိုတာ တစ်ပတ်တစ်ပတ်ပြန်ပြီးတော့ လည်လာတတ်ပါတယ်။ ဒါပေမယ့် တစ်ခါတလေ အကောင်းဆုံးအချိန်မှာ မိမိရရ မဆုပ်ကိုင်လိုက်ရလို့ ဒီအကျိုးတွေဟာ အပတ်ပေါင်းများစွာ ထပ်ပြီးတော့ စောင့်ရပါတယ်။ ဘယ်လောက်အထိ စောင့်ချင်သလဲ။ ကျွန်မတို့အားလုံးဟာ ကိုယ့်ဘဝကလွဲလို့ တခြားဘာအတွက်မှ ကိုယ်တာဝန်မယူနိုင်ပါဘူး။ ဒီမှာရှိနေတဲ့ပုဂ္ဂိုလ်များဟာ တစ်ချိန်တစ်ခါကျရင် ပျောက်ကွယ်သွားကြမှာဖြစ်ပါတယ်။

ဒီတော့ ဘာကျန်ခဲ့မလဲဆိုတော့ သမိုင်းအမွေအနှစ်တွေကတော့ ကျန်ခဲ့မှာပါ။ နောင်နှစ်စဉ်နှစ်စဉ် မျိုးဆက်သစ်တွေဟာ ဒီနေရာမှာ ပင်လုံကျောက်တိုင်ကိုလာပြီး အလေးပြုတဲ့အခါမှာ ၂၀ ရာစု ပင်လုံအတွက်သာ မဟုတ်ဘူး၊ ၂၁ ရာစု ပင်လုံအတွက်ပါ လာပြီးတော့ အလေးပြုတယ်ဆိုတာ ဖြစ်စေချင်ပါတယ်။ ဒီနေရာကို နောင်လာနောက်သားများရောက်လာတဲ့ အခါမှာ ဒီနေရာဟာ ပြည်ထောင်စုကြီးရဲ့ သင်္ကေတဖြစ်တယ်၊ ပြည်ထောင်စုသားများရဲ့ အများအကျိုးအတွက် စွန့်လွှတ်ရဲ၊ စွန့်စားရဲတဲ့ အရည်အချင်းတွေကို အသိအမှတ်ပြုရာနေရာဖြစ်တယ် ဆိုတာမျိုးကို မြင်ချင်ပါတယ်။ ကျွန်မကတော့ မြင်ရတော့မှာမဟုတ်ပါဘူး။ သမိုင်းမှာ နောင်လာနောက်သားတွေကသာ မြင်ရတော့မှာပါ။ ဒီတော့ နောင်လာနောက်သားတွေအတွက် ကောင်းမွန်တဲ့ အမွေအနှစ်တွေကို ထားခဲ့ပါ။

မိဘကောင်းများဟာ ပစ္စည်းပန်းကိုပဲ မကြည့်ပါဘူး။ အနာဂတ်ကို ကြည့်ပါတယ်။ မိဘကောင်းများဆိုတာ မိမိတို့အသက်ရှင်စဉ်၊ မိမိတို့မျက်စိနဲ့ မြင်နိုင်စဉ်ကာလအတွက်ပဲ ကြည့်တာမဟုတ်ပါဘူး။ မိမိတို့မျက်စိကွယ်သွားတဲ့ အချိန်၊ မျက်လုံးတွေမှိတ်သွားတဲ့ အချိန်မှာ၊ လွန်သွားတဲ့အချိန်မှာ ထားခဲ့ရမယ့် အမွေအနှစ်တွေကို အဓိကထားပြီးတော့ ကြည့်တာဖြစ်ပါတယ်။ ဒါကြောင့် အမြော်အမြင်ရှိတဲ့မိဘများ၊ တကယ့်ကို သားသမီးတွေအပေါ်မှာ စေတနာထားတဲ့မိဘများဟာ သားသမီးတွေရဲ့ရှေ့ရေးအတွက်တွက်ပြီး ရှေ့ရေးအတွက် ကောင်းစေမယ့်ကိစ္စတွေ ဥပမာအားဖြင့် ကျွန်းမာရေးကောင်းစေဖို့၊ ပညာရေးထက်မြက်စေဖို့ သွန်သင်ဆုံးမတယ်၊ တတ်နိုင်သမျှပံ့ပိုးသွားတယ်။ အမြင်တိုတဲ့မိဘများ၊ အမြော်အမြင်နည်းတဲ့မိဘများကတော့ သားသမီးကို ရုပ်ပိုင်ဆိုင်ရာ အပြည့်အဝပေးနိုင်သလောက်ပေးပြီးတော့ အလိုလိုက်တဲ့နည်းနဲ့ ချဉ်းကပ်ကြတယ်။

ကံကံ၏အကျိုး၊ ကိုယ်လုပ်သလို ကိုယ်ဖြစ်မယ်ဆိုတာကို ယုံကြည်ချက်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လိုက်ကြပါ။ ဒီယုံကြည်ချက်ကြောင့်ကို အောင်မြင်စေရမယ်လို့ ယုံကြည်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နမများကို ကူညီဖို့၊ ဖေးမဖို့၊ မြှင့်တင်ပေးဖို့ ဆန္ဒသာရှိပါတယ်။

ဒီလိုအလိုလိုက်တာဟာ သားသမီးတွေအတွက်လား၊ ကိုယ့်အတွက်လားဆိုတာ စဉ်းစားရတယ်။ တချို့မိဘများဟာ သားသမီးများကို အလိုလိုက်တယ်ဆိုတာဟာ သားသမီးများကို ချစ်လို့လား၊ ကိုယ့်ကိုသားသမီးတွေက ချစ်စေချင်လို့လားဆိုတာကို သေသေချာချာစဉ်းစားရမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ နိုင်ငံအကျိုးအတွက်လုပ်တဲ့အခါမှာ ကျွန်မတို့ကို ပြည်သူပြည်သားတွေက ချစ်စေချင်လို့၊ ထောက်ခံစေချင်လို့ လုပ်နေတာလား၊ ကျွန်မတို့က ပြည်သူပြည်သားတွေကို ချစ်လို့၊ ပြည်သူပြည်သားတွေရဲ့အနာဂတ် ကောင်းစေချင်လို့ လုပ်နေတာလားဆိုတာ အားလုံး ရဲရဲဝံ့ဝံ့နဲ့ ကိုယ့်ကိုယ်ကိုယ်သုံးသပ်ဖို့ လိုပါတယ်။

တစ်ခါတလေ နိုင်ငံသူနိုင်ငံသားများရဲ့ ရေရှည်အကျိုးအတွက်၊ နောင်လာမယ့် မျိုးဆက်တွေရဲ့အကျိုးအတွက် ကိုယ့်အပေါ်မှာ လက်ရှိပြည်သူပြည်သားများရဲ့ ကျေနပ်မှုကိုလည်း စွန့်လွှတ်သင့်ရင် စွန့်လွှတ်ရတာပဲ။ ဥပမာအားဖြင့် ကျောင်းမနေချင်တဲ့ကလေး၊ ကျောင်းမသွားချင်တဲ့ကလေးကို မိဘက ကြိမ်မောင်းပြီးတော့ အတင်းအကျပ်ကျောင်းသွားခိုင်းတဲ့အခါ ကလေးက မိဘအပေါ် ငြိုငြင်မှာပေါ့။ ငါ့အဖေ အမေက ငါ့ကို မချစ်ဘူး၊ ငါအိမ်မှာဆော့နေချင်တာကို အတင်းကျောင်းသွားခိုင်းတယ်ဆိုပြီး စိတ်ထဲမှာ ရှိရင်တော့ ရှိနေမှာပေါ့။

ဒီလိုကလေးက ငြိုငြင်တာကိုမခံနိုင်လို့၊ မခံချင်လို့ ကျောင်းမသွားပါနဲ့ ဆိုပြီးတော့ အိမ်မှာထားတဲ့မိဘဟာ သားသမီးကို ချစ်တာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်တာ၊ ကိုယ့်ကိုသားသမီးက ချစ်စေချင်တာ။ ကျွန်မတို့ဟာ ပြည်သူပြည်သားများရဲ့မေတ္တာကို အင်မတန်မှ တန်ဖိုးထားပါတယ်။ ပြည်သူပြည်သားများရဲ့မေတ္တာကို ရယူချင်ပါတယ်၊ လိုချင်ပါတယ်။ ကျွန်မတို့ဟာ ပြည်သူပြည်သားတွေကို အားကိုးပြီးတော့ အနှစ်(၃၀)နီးပါး နိုင်ငံရေးလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြည်သူပြည်သားတွေကို ထိခိုက်စေမယ့်နည်းနဲ့တော့ ထောက်ခံမှုကို ဘယ်တော့မှ ရယူမှာမဟုတ်ပါဘူး။ ဒီလိုထောက်ခံမှုလည်းမလိုချင်ပါဘူး။ ငြိုငြင်ချင်ရင် ငြိုငြင်ပါစေ၊ တကယ်ပဲ နိုင်ငံရဲ့ရေရှည်ကောင်းကျိုးအတွက် လုပ်အပ်တဲ့ကိစ္စတွေဆိုရင် အားလုံးလုပ်ရပါမယ်။

ငြိမ်းချမ်းရေးဆိုတာဟာ နောင်လာမယ့်မျိုးဆက်တွေအတွက် ဘယ်လိုမှ ငြင်းလို့မရတဲ့ ရတနာကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒီရတနာကိုသာ နိုင်ငံသူနိုင်ငံသားတွေကို အမွေအနှစ်အနေနဲ့ထားခဲ့ဖို့လိုပါတယ်။ သယံဇာတပစ္စည်းတွေဆိုတာလည်း အရေးမကြီးပါဘူး။ လောလောဆယ်စီးပွားရေးအကျိုးအမြတ်ဆိုတာလည်း အရေးမကြီးပါဘူး။ လောလောဆယ် ကျွန်မတို့ကို ထောက်ခံမှု ဘယ်လိုထောက်ခံမှုပဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲက ထောက်ခံမှုပဲဖြစ်ဖြစ်၊ သာမန်ထောက်ခံမှုပဲဖြစ်ဖြစ် အဲဒါတွေကလည်း အရေးမကြီးပါဘူး။ ဒီဟာတွေဟာ တစ်ခဏနဲ့ပျောက်သွားမယ့် အမွေအနှစ်တွေဖြစ်နိုင်ပါတယ်၊ သယံဇာတပစ္စည်းတွေဆိုတာလည်း တစ်ချိန်တစ်ခါမှာ ပျောက်ကွယ်သွားနိုင်တာပဲ၊ စီးပွားရေးဆိုတာလည်း အတက်အကျရှိတာပဲ။ ဒီကမ္ဘာကြီးမှာ အင်မတန်မှ စီးပွားရေးတောင့်တင်းပါတယ်ဆိုတဲ့နိုင်ငံတွေတောင်မှ စီးပွားရေးအကျပ်အတည်းနဲ့ ကြုံရတဲ့အခါ ကြုံကြရတာပဲ။ ကျွန်မတို့ဟာ ပြည်ထောင်စုကြီးကို တကယ့်တည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးအမွေအနှစ်သာ ပေးခဲ့နိုင်မယ်ဆိုရင် ဒါဟာသုံးလို့မကုန်၊ ဖြုန်းလို့မကုန်တဲ့အမွေအနှစ်လို့ ပြောချင်ပါတယ်။

ပြည်သူလူထုနဲ့တွေ့တဲ့အခါကျရင် ကျွန်မပြောပါတယ်။ ကျွန်မအတွက် ဖေဖေထားခဲ့တဲ့အမွေအနှစ်ဟာ ပြည်သူရဲ့မေတ္တာပဲ၊ သုံးလို့မကုန်ဘူး၊ ဖြုန်းလို့မကုန်ဘူး။ ဒါပေမယ့်လည်း မဖြုန်းသင့်ပါဘူး။ ဒီလိုအမွေအနှစ်မျိုးဆိုတာဟာ ကျွန်မတို့ဟာ တန်ဖိုးထားပြီးတော့ စောင့်ရှောက်သွားရမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ အခုမျိုးဆက်တွေဟာ အခုပင်လုံညီလာခံဖြစ်မြောက်ဖို့အတွက် ကြိုးစားနေတဲ့ အစုအဖွဲ့များ၊ ပုဂ္ဂိုလ်များဟာ ကျွန်မတို့ပြည်သူများ သုံးလို့မကုန်နိုင်တဲ့ ငြိမ်းချမ်းရေးအမွေအနှစ်ကို စုဆောင်းပြီးတော့ ထားခဲ့စေချင်ပါတယ်။

ထပ်လောင်းပြီးတော့ ကျွန်မအနေနဲ့ အထူးပဲ ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားအစုအဖွဲ့တွေကို မေတ္တာရပ်ခံချင်ပါတယ်။ သတ္တိရှိရှိနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စွာနဲ့ လက်မှတ်ထိုးလိုက်ပါ၊ ကျွန်မတို့ရဲ့ ၂၁ ရာစုပင်လုံထဲမှာ ပါဝင်လိုက်ကြပါ။ ပြည်သူပြည်သားအားလုံးဟာ ဒီပါဝင်မှုကြောင့် ဘယ်လောက်နှလုံးစိတ်ဝမ်းအေးချမ်းကြမလဲ၊ ဘယ်လောက်ကျေးဇူးတင်ကြမလဲ၊ ဘယ်လောက်ပီတိဖြစ်ကြမလဲဆိုတာကို စဉ်းစားကြပါ။

ကံကံ၏အကျိုး ဆိုတဲ့အဓိပ္ပာယ်ဟာ ကိုယ်လုပ်သလို ဖြစ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ကံဆိုတာ ပြုလုပ်ခြင်းပါပဲ။ အတိတ်ကကံကို ဆိုလိုချင်တာ မဟုတ်ပါဘူး။ အတိတ်ကကံက ဘာမှလုပ်လို့မရပါဘူး။ ကျွန်မတို့ ပြုပြင်ပြောင်းလဲတဲ့ကံဟာ ပစ္စုပ္ပန်ပဲဖြစ်ပါတယ်။ ကံကံ၏အကျိုး၊ ကိုယ်လုပ်သလို ကိုယ်ဖြစ်မယ်ဆိုတာကို ယုံကြည်ချက်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လိုက်ကြပါ။ ဒီယုံကြည်ချက်ကြောင့်ကို အောင်မြင်စေရမယ်လို့ ယုံကြည်ပါတယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများကို ကူညီဖို့၊ ဖေးမဖို့၊ မြှင့်တင်ပေးဖို့ ဆန္ဒသာရှိပါတယ်။ ဘယ်လိုနည်းနဲ့မှ ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်နေတဲ့ပုဂ္ဂိုလ် ဘယ်သူ့ကိုမှ အကျိုးမယုတ်စေချင်ပါဘူး။ အကျိုးမြှင့်တင်ပေးစေချင်တဲ့စိတ်ဓာတ်နဲ့ ပင်လုံစာချုပ်ကို ထိုးခဲ့တဲ့နေရာမှာ စုပေါင်းရောက်ရှိနေကြတာဖြစ်ပါတယ်။

ပထမပင်လုံစာချုပ်ဟာ ကျွန်မတို့ပြည်ထောင်စုအတွက် သမိုင်းစာမျက်နှာတစ်မျက်နှာ အသစ်လှန်ပေးလိုက်လို့ ပြည်သူလူထုဟာ အခုထိ သတိရတမ်းတနေတာဖြစ်ပါတယ်။ ကျွန်မတို့ဟာ ၂၁ ရာစု ပင်လုံအနေနဲ့ သမိုင်းစာမျက်နှာ တစ်မျက်နှာ လှန်ရုံမက သမိုင်းစာအုပ်အသစ်တစ်အုပ် ဖွင့်ကြပါစို့လို့ မေတ္တာရပ်ခံချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ရန်ကုန်မြို့ မဟာပန္ထလေပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာပန္ထလေပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ မဟာပန္ထလေပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုဂုဏ်ပြုတပ်ဖွဲ့နှင့် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ဘင်ခရာတီးဝိုင်းအဖွဲ့တို့က နေရာယူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကို အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဘင်ခရာတီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများအပါအဝင် အင်အား ၃၄၀၀ ကျော် တက်ရောက်ကြသည်။ **(သန့်ဇင်ဝင်း၊ ဇော်မင်းလတ်)**

နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခမ်းအနား တက်ရောက်လာကြသူများ နိုင်ငံတော်အလံအား အလေးပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် ကိုယ်စားလှယ်များ၏ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဒေသခံပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရှမ်းပြည်နယ် လွှိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်မတောင်တန်း ပူးပေါင်းရေးကျောက်တိုင်ကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

☆ နှစ်(၇၀)မြောက်မှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်း၊ ဇြမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ခေါင်းဆောင်များ၏ သားသမီးများနှင့် ဆွေမျိုးတော်စပ်သူများ၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များ၊ ဇြမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် တိုင်းရင်းသားများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်ကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ နမ်းမီမီချမ်းက ပင်လုံသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ချင်း၊ ကယား၊ ကရင်၊ ရခိုင်၊ မွန်၊ ကချင်၊ ရှမ်း၊ ဗမာ တိုင်းရင်းသူများက ပင်လုံစာချုပ်ပါအချက်များကို တစ်ပိုဒ်စီဖတ်ကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့်မိန့်ခွန်းကို ရှေ့ဖုံး၌ ဖော်ပြထားပါသည်။)**

စာမျက်နှာ ၉ သို့ ❑

၁၉၄၇ ခုနှစ် ပင်လုံစာချုပ်

ပင်လုံ၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ၁၉၄၇ ခုနှစ်။

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှအဖွဲ့ဝင်အချို့နှင့် စဝ်ဖလုံများအားလုံးတို့အပြင် ရှမ်းပြည်နယ်များ၊ ကချင်ပြည်နယ် တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များ တက်ရောက်သော ပင်လုံမြို့တွင် ကျင်းပသည့် အစည်းအဝေးကြီးတစ်ရပ်တွင် -

ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်းပြည်၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူအဖွဲ့ဝင်တို့က ယုံကြည်ကြသည့်အတိုင်း အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘောတူကြလေသည်။

၁။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့က(တစည၀)၏ ကြိုးကိုင်အဖွဲ့ကိုယ်စားလှယ်များက ထောက်ခံချက်အရ တောင်တန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံက ရွေးချယ်၍ နယ်စပ်ဒေသများကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန်အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ ကောင်စီဝင်တစ်ဦးအဖြစ် ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင်ကောင်စီ၏ အာဏာစက်အောက်သို့ ရောက်ရှိသည့်နည်းတူ နယ်စပ်ဒေသကိစ္စများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာအောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့် အာဏာကို ပေးအပ်ရမည်။

၃။ အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းလူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီး သက်ဆိုင်သည့် နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်လည်း ဖြစ်သည်။ ၎င်းတို့သည် ထုံးနည်းဥပဒေအရ တွဲဖက်တာဝန်ယူရသည့် မူအတိုင်းဆောင်ရွက်စေရမည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသများ၏ တစ်ဦးတည်သော ကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့်ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီကြသည့်အတိုင်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားရသောကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့် မဆို တစ်စုံတစ်ရာ လက်လွှတ်စေရန် အဆိုပါကောင်စီက ပြုလုပ်ခြင်းမရှိစေရ။ နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသောမူကို သဘောတူကြသည်။

၆။ ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့်ကချင်ပြည်နယ်တစ်ခု နယ်နိမိတ်သတ်မှတ်၍ တည်ထောင်ရန် ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့ သီးခြားပြည်နယ်တစ်ခုထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ဤရည်ရွယ်ချက် အထမြောက်ရန်အလို့ငှာ ပထမခြေလှမ်းအနေဖြင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲစာရင်းအပိုင်း (၂) ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

၇။ နယ်စပ်ဒေသများ၏ နယ်သူ၊ နယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်။

၈။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ ပဒေသရာဇ်ရှမ်းပြည်နယ်မြေစုတွင် ယခုအပ်နှင်းထားပြီးဖြစ်သော ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်းမရှိစေရ။

၉။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ မြန်မာပြည်အခွန်တော်ငွေများမှ ကချင်တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်းမရှိစေရ။ မြန်မာပြည်နှင့် ပဒေသရာဇ် ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများအတွက် အလားတူအစီအစဉ်များကို ထားရှိကျင့်သုံးရန်ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက နယ်စပ်ဒေသများ၏ အတိုင်ပင်ခံနှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့် အတူ စစ်ဆေးကြည့်ရှုရမည်။

THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Sawbwas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee.
Sawbwa of Tawngpeng State.
Sawbwa of Yawnghwe State.
Sawbwa of North Hsenwi State
Sawbwa of Laihka State.
Sawbwa of Mong Pawn State.
Sawbwa of Kengtung State.
Representative of Kachtung Sawbwa.
(Khun Pung)
(U Tin E)
(U Kyi Bu)
(Khun Hpye Hpa)

Kachin Committee.
(Jinghpaw Hpu, Myitkyina)
(Zau Rip, Myitkyina)
(Duara Tang, Myitkyina)
(Zau La, Bhamo.)
(Zau Lawn, Bhamo)
(Labang Group, Bhamo)
Chin Committee.
(U Khur Khung, ATM, TDM, N.E.M., Falam.)
(U Thawng Za Khup, ATM., Tiddim.)
(U Kio Wang, ATM, Haka)

Burmese Government.

❑ **စာမျက်နှာ ၈ မှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော လူထုကိုယ်စားလှယ် ဦးထွန်းမြင့်၊ လူထုကိုယ်စားလှယ် စဝ်ယိဝ်ဖ၊ ချင်းကိုယ်စားလှယ် (ဟားခါး) ဦးကီယိုမန်း၊ လူထုကိုယ်စားလှယ် ဦးကြာပု၊ ချင်းကိုယ်စားလှယ်(တီးတိန်) ဦးတောင်ဇာခုပ် ၊ လူထုကိုယ်စားလှယ် ဦးတင်ဇ၊ ချင်းကိုယ်စားလှယ်(ဖလမ်း)ဦးလျှုရိမှုန်၊ လူထုကိုယ်စားလှယ် ဦးဟော်ဝါးဒူဝါ အမ်ခွန်ဖုန်း၊ ကချင်ကိုယ်စားလှယ်(ဗန်းမော်) ဦးလဘန်ဂရောင်၊ သထုစော်ဘွား ကိုယ်စားလှယ် ဦးဖြူ၊ ကချင်ကိုယ်စားလှယ်(ဗန်းမော်) ဒူဝါးဇော်လွန်း၊ သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေး၊ ကချင်ကိုယ်စားလှယ်(မြစ်ကြီးနား) ဦးဒိန်ရတန်၊ ဗိုလ်ချုပ်အောင်ဆန်း၊ တောင်ပိုင်းစော်ဘွား စဝ်ခွန်ပန်းစိန်၊ ကချင်ကိုယ်စားလှယ် (မြစ်ကြီးနား) ဆမားဒူးဝါးဆင်ဝါးနောင်၊ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၊ လူထုကိုယ်စားလှယ် ဦးခွန်ထီး၊ မြောက်ပိုင်းသိန္နီစော်ဘွား စဝ်ဟုံဖ၊ လူထုကိုယ်စားလှယ် ဦးခွန်စော၊ လဲချားစော်ဘွား စဝ်နွံ၊ ကချင်ကိုယ်စားလှယ် (မြစ်ကြီးနား) ဒူဝါဇော်ရစ်နှင့် မိုင်းပွန်စော်ဘွား စဝ်စံထွန်းတို့၏ ဓာတ်ပုံနှင့် အထိမ်းအမှတ်နေရာများကို လှည့်လည်ကြည့်ရှုပြီး ၎င်းတို့၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များ၏ မိသားစုဝင်များနှင့်လည်းကောင်း၊ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်လည်းကောင်း၊ ပင်လုံစာချုပ်ပါ အပိုဒ် ၈ ပိုဒ်ကို ဖတ်ကြားသည့် တိုင်းရင်းသူ ၈ ဦးနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း(Panglong Peace Talk)အစီအစဉ်ကို ကျင်းပသည်။ **(ငြိမ်းချမ်းရေးစကားဝိုင်းတွင် ဆွေးနွေးပြောကြားမှုများကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူအကအဖွဲ့များ၏ ပင်လုံသီချင်းဖြင့် ကပြဖော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

၁၉၄၆ ခုနှစ် မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ပင်လုံမြို့တွင် ပြုလုပ်ခဲ့သည့် ပထမပင်လုံအစည်းအဝေးတွင် တိုင်းရင်းသားအားလုံး အတူတကွ လွတ်လပ်ရေးအရယူကြရန် လမ်းစပွင့်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၁၃ ရက်အထိ ပင်လုံမြို့တွင် သမိုင်းဝင် ဒုတိယပင်လုံညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပြီး ယင်းညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဘုရင်ခံအမှုဆောင်ဝန်ကြီးများ၊ နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့မှ အရာရှိများ၊ မြန်မာပြည်နိုင်ငံရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ သတင်းစာဆရာများ၊ နိုင်ငံခြားသံကိုယ်စားလှယ် ကောင်စစ်ဝန်များ၊ ထင်ရှားကျော်ကြားသူ တစ်သီးပုဂ္ဂလများ၊ ရှမ်းစော်ဘွားကိုယ်စားလှယ်များနှင့် လူထုကိုယ်စားလှယ်များ၊ ကချင်တိုင်းရင်းသားနှင့် ချင်းတိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ကရင်နီကိုယ်စားလှယ်များနှင့် KNU အဖွဲ့ ကိုယ်စားလှယ်များလည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ထိုပင်လုံညီလာခံတွင် တောင်တန်းပြည်မ ပူးပေါင်းပြီး လွတ်လပ်ရေးရယူမည်ဖြစ်ကြောင်း သက်သေပြသည့် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးက အောင်မြင်စွာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ကြသည်။

ယင်းပင်လုံသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် တောင်တန်းမြေပြန့် ပူးပေါင်းပြီး နိုင်ငံလွတ်လပ်ရေးရယူနိုင်ရန် လမ်းပွင့်သွားခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံအဖြစ် ပြန်လည်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ပင်လုံသမိုင်းအကျဉ်းကို ဖတ်ကြားတင်ပြခဲ့သည့် နန်းမီမီချမ်းက "ပင်လုံစာချုပ် ချုပ်ဆိုခဲ့တာ ယနေ့ဆိုလျှင် နှစ်ပေါင်း (၇၀) ပြည့်မြောက်ခဲ့ပါပြီ။ လွတ်လပ်ရေးရရှိခဲ့တာကြာပြီဖြစ်ပေမယ့်လည်း နိုင်ငံရေးကွဲပြားမှုတွေ၊ စိတ်သဘောထား မတိုက်ဆိုင်မှုတွေနဲ့ ပြည်တွင်းလက်နက်ကိုင် ပဋ္ဌိပက္ခဖြစ်ပွားခဲ့တာ ကမ္ဘာ့အရှည်ကြာဆုံးအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။"

"ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရအောင် ဗိုလ်ချုပ်အောင်ဆန်းက (၂၀) ရာစုပင်လုံညီလာခံကြီးနဲ့ ရင်ကြားစေ့ပေးနိုင်ခဲ့သလို ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းအောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၂၁) ရာစုပင်လုံညီလာခံကြီးနဲ့ ရင်ကြားစေ့ပေးနိုင်ဖို့ တစ်နိုင်ငံလုံးက အားကိုးတကြီး မျှော်လင့်နေကြပြီဖြစ်ပါတယ်။"

"ကျွန်မတို့ပြည်ထောင်စုကြီး မငြိမ်းချမ်းတာ နှစ်ပေါင်းများစွာကြာမြင့်နေပါပြီ။ ကျွန်မတို့ရဲ့ တိုင်းရင်းသားကလေးငယ်တွေ၊ သားသည်မိခင်တွေ စစ်ဘေးဒဏ်သင့်လို့ အခုလို အေးမြတဲ့ရာသီမှာ ဘယ်ပုံဘယ်နည်း နေထိုင်နေကြရတယ်ဆိုတာကို မြင်ယောင်မိတိုင်း ကြေကွဲဝမ်းနည်းရပါတယ်။ ပြည်သူတွေရဲ့ မျက်ရည်တွေကို ခေါင်းဆောင်ကြီးတွေက သုတ်ပေးကြဖို့ တစ်နိုင်ငံလုံးက ပြည်သူတွေကိုယ်စား ဒီကနေ့ အခမ်းအနားကြီးမှာ ကျွန်မအနေနဲ့ အလေးအနက် တောင်းဆိုချင်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ။ ပြည်ထောင်စုဆိုတာ အသက်ပေါင်းများစွာနဲ့ စတေးပြီး ထူထောင်ခဲ့တဲ့ ပြည်ထောင်စု။ ဒါကြောင့် ဒီပြည်ထောင်စုဟာ ပြည်ထောင်စုအနေနဲ့ ကမ္ဘာတည်သရွေ့ ရပ်တည်နိုင်ဖို့ ကျွန်မတို့အားလုံးဟာ ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ ဒါပေမဲ့ တချို့အပိုင်းတွေကို ကျွန်မတို့ စဉ်းစားစရာရှိပါတယ်။ ဥပမာဆိုရင် ဒါတို့ပိုင်တဲ့မြေပေါ့။ ကျွန်မပြောချင်တယ်။ ဒီနိုင်ငံကို ဘယ်သူမှ မပိုင်ပါဘူး။ ကျွန်မတို့ တစ်ဘဝမှာ ထိန်းသိမ်း စောင့်ရှောက်သွားဖို့ တာဝန်တစ်ခုပဲ ရတာဖြစ်ပါတယ်။ ဘယ်သူမှ အမြဲပိုင်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့် ကိုယ်ပိုင်ပစ္စည်းလို မဟုတ်ဘဲနဲ့ ကိုယ်ထိန်းသိမ်းစောင့်ရှောက်ပေးရတဲ့ ပစ္စည်းတစ်ခုလို တန်ဖိုးထားရပါလိမ့်မယ်။ အဲဒါ အဓိကကတော့ တာဝန်သိစိတ်ဓာတ်ပါ။ ဒီဟာလည်းပါပါတယ်။ ကျွန်မတို့ နိုင်ငံအကျိုးအတွက် လုပ်မယ်ဆိုတာ ပါပါတယ်။ တို့တာဝန်ဖြစ်တယ်ဆိုတာလည်းပါပါတယ်။ အဲဒါအဓိက ဒါပါပဲ။ ကျွန်မတို့တစ်တွေ ကိုယ့်တစ်သက်တာ၊ တစ်ဘဝတာမှာ ဒီနိုင်ငံအတွက် ဒီနိုင်ငံအကျိုးအတွက် ကျွန်မတို့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပြီးချမ်းဖို့အတွက် တာဝန်ယူဖို့၊ တာဝန်သိတတ်ဖို့ အခွင့်အရေးတစ်ခု ဘဝမှာရတာဖြစ်ပါတယ်။

အဲဒီတော့ ဒီအခွင့်အရေးကို ကျွန်မတို့ ထိုက်ထိုက်တန်တန်နဲ့ သုံးသွားမယ်ဆိုရင် ဒီတာဝန်ကို မကျေကျေအောင် လုပ်သွားမယ်ဆိုရင် တကယ့်ကို ပြည်ထောင်စုရဲ့အကျိုးကို အားလုံး သယ်ပိုးသွားမယ်ဆိုရင် ကျွန်မတို့ လူဖြစ်ရကျိုးနပ်တယ်လို့ ဒီလို ကိုယ့်ကို သတ်မှတ်လို့ရပါတယ်။ လူတစ်ယောက်ဟာ လူဖြစ်လာမှတော့ ကိုယ်တစ်ယောက်အတွက်ပဲ နေသွားဖို့၊ ကိုယ့်ရဲ့ မိသားစု၊ ကိုယ့်အသိုက်အဝန်းအတွက်ပဲ လုပ်ဆောင်သွားလို့ လူဖြစ်ရကျိုးနပ်တယ်လို့တော့ ကျွန်မက မမြင်ပါဘူး။ ကိုယ်နေတဲ့အသိုက်အဝန်းအတွက်၊ ကိုယ့်ရဲ့ နိုင်ငံအတွက်၊ ကိုယ့်ရဲ့ ပြည်ထောင်စုအတွက် ကျွန်မတို့ဟာ အကျိုးရှိအောင်လို့ တာဝန်ထမ်းဆောင်သွားမယ်ဆိုရင်၊ ကျွန်မတို့ ရဲရဲဝံ့ဝံ့နဲ့ ငါတို့ လူဖြစ်ရကျိုးနပ်ပြီလို့ သတ်မှတ်လို့ရပါတယ်။

အဲဒီတော့ ဒီနေ့မှာဆိုလို့ရှိရင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့တဲ့ ခေါင်းဆောင်ကြီးများရဲ့ မိသားစုဝင် တချို့နဲ့လည်း ကျွန်မတွေ့ခဲ့ပါတယ်။ ဒီမိသားစုဝင်အများစုက အသက်တွေကြီးလှပါပြီ။ ကျွန်မကိုယ်တိုင်လည်း မငယ်တော့ပါဘူး။ အဲဒီတော့ ကျွန်မတို့ဟာ အနာဂတ်အတွက် လုပ်ဖို့ပဲ ရှိပါတော့တယ်။ ကိုယ့်အတွက် လုပ်ဖို့ဆိုတာ အချိန်သိပ်မကျန်တော့ပါဘူး။ ဒါကြောင့် ကျွန်မ ထပ်တလဲလဲ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါတဲ့ပုဂ္ဂိုလ်တွေကို တိုက်တွန်းပါတယ်။ ကိုယ့်အတွက် လုပ်ဖို့ဆိုတာ အခြေခံသိပ်မကျန်တော့ပါဘူး။ ဒါကြောင့် ကျွန်မ ထပ်တလဲလဲ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါတဲ့ပုဂ္ဂိုလ်တွေကို တိုက်တွန်းပါတယ်။ ကိုယ့်အတွက် လုပ်ဖို့ဆိုတာ အခြေခံ အကျိုးအမှတ်ကို ပျော်ရွှင်စွာနဲ့ ဆင်နွှဲနိုင်ပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းရင်း အားလုံးကို မေတ္တာပို့ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုနေ့ အထိမ်းအမှတ်မီးပုံပွဲကို မီးရှို့ပေးသည်။

ညစာစားပွဲ၌ ရှမ်းကြီး၊ ပအိုဝ်း၊ တောင်ရိုး၊ ခနု၊ အင်းသား၊ ကယန်း၊ မောရှမ်း၊ ပလောင်၊ 'ဝ'၊ ကိုးကန့်၊ လီဆူ၊ ကချင်၊ ဂုံရှမ်း၊ အာခါနှင့် လားဟူ တိုင်းရင်းသားယဉ်ကျေးမှု အက အဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖျော်ဖြေတင်ဆက်ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များကို အမှတ်တရလက်ဆောင်ပေးအပ်ပြီး တိုင်းရင်းသားရိုးရာအဖွဲ့များနှင့်အတူ ရှမ်းရိုးရာ မီးပုံပွဲအကကို ပျော်ရွှင်စွာ ဆင်နွှဲသည်။

(သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားရိုးရာအဖွဲ့များနှင့်အတူ ရှမ်းရိုးရာ မီးပုံပွဲအကကို ပျော်ရွှင်စွာ ဆင်နွှဲစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့အထိမ်းအမှတ်မီးပုံပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ မောင်တောဒေသရှိ ကျေးရွာများသို့ ကွင်းဆင်းစုံစမ်း

မောင်တော ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ် မောင်တောဒေသသို့ ရောက်ရှိနေသည့် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မောင်တောဒေသအတွင်းရှိ ငန်းချောင်းကျေးရွာ၊ ကြက်ရိုးပြင်ကျေးရွာ၊ ငါးစားကြူးကျေးရွာများသို့ သွားရောက်၍ မောင်တောဒေသအတွင်းဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များတွင် လူအခွင့်အရေးချိုးဖောက်ခြင်းများရှိ၊ မရှိနှင့် အမျိုးသမီးများ၊ ကလေးငယ်များနှင့် ပတ်သက်သည့်အချက်အလက်များနှင့်စပ်လျဉ်း၍ ဆက်လက်ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် ပြောင်ပိုက်ကျေးရွာ၊ ငါးခူရကျေးရွာနှင့် ဒိုးတန်းကျေးရွာများသို့သွားရောက်၍ အဆိုပါကျေးရွာများအတွင်းရှိနေအိမ်များသို့ အဖွဲ့များခွဲကာ ဒေသခံအမျိုးသမီးတစ်ဦးချင်းနှင့် အစုအဖွဲ့အလိုက် သီးခြားစီတွေ့ဆုံပြီး ကုလသမဂ္ဂလူအခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR)မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်က တင်သွင်းခဲ့သည့် အစီရင်ခံစာ၌ ပါရှိသောအချက်အလက်များကိုလည်းကောင်း၊ အစီရင်ခံစာတွင်မပါရှိသော်လည်း အခြားကြုံတွေ့နေရသည့် အခက်အခဲများကို အသေးစိတ်မေးမြန်း၍လည်းကောင်း၊ ဒေသခံအမျိုးသားလူငယ်လူရွယ်များ၏ သီးခြားထုတ်ဖော်ပြောဆိုလိုသော အချက်အလက်များကိုလည်းကောင်း လွတ်လပ်ပွင့်လင်းစွာမေးမြန်းစုံစမ်းကြသည်။

(သတင်းစဉ်)

ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် အဖွဲ့ဝင်များ ကြက်ရိုးပြင်ကျေးရွာ၌ ကွင်းဆင်းစုံစမ်းမေးမြန်းကြစဉ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သုတေသနမှူး ဦးစိုင်းထွန်းအေးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၂ ရက် ညဦးတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

မိုင်ဆွန်ခ။ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ စိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ငြိမ်းချမ်းသာယာဝပြောတဲ့ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ကြတဲ့အခါမှာ အထောက်အကူဖြစ်စေဖို့နဲ့ လက်ရှိကာလ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ် တည်ငြိမ်ချောမွေ့စေဖို့အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒတွေကို တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား-

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်လျက်ရှိတဲ့ တိုင်းပြည်တစ်ခု ဖြစ်ပါတယ်။ ပြည်ထောင်စုကြီး တစ်ခုလုံးရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းရင်းသားလူမျိုးများရဲ့ ညီညွတ်မှုအင်အားနဲ့သာလျှင် ထိန်းသိမ်းဖော်ဆောင်နိုင်မယ်လို့ ကျွန်တော်တို့က စွဲမြဲစွာယုံကြည်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်လျက်ရှိတဲ့ တိုင်းပြည်တစ်ခုဖြစ်တာနဲ့အညီ တန်းတူညီမျှရေး သဘောထားဟာလည်းပဲ မရှိမဖြစ်လိုအပ်တဲ့ အခြေခံ သဘောတရားတစ်ရပ်ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ SNLD ပါတီရဲ့ မူဝါဒကို မဲဆန္ဒရှင် မိဘပြည်သူတွေသိဖို့ အနည်းငယ်ရှင်းပြချင်ပါတယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီဟာ ရှမ်းပြည်နယ်ကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုပါတီတစ်ခုဖြစ်ပါတယ်။ စတင်ထူထောင်ခဲ့တဲ့ ၁၉၈၈ ခုနှစ်ကတည်းက ယနေ့ကာလထိတိုင် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကျရောကဏ္ဍတိုင်းမှာ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

SNLD ဟာ ရှမ်းအမျိုးသားတို့ရဲ့သမိုင်းမှာ ရင့်ကျက်တဲ့၊ တည်ငြိမ်တဲ့၊ ရိုးသားတဲ့ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ခဲ့သော ပါတီတစ်ခုလည်းဖြစ်ပါတယ်။ အထူးသဖြင့် စတင်အခြေတည်စဉ်ကတည်းက ချမှတ်ခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ တန်းတူညီမျှရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးစတဲ့ တာဝန်တွေကို မပြောင်းမလဲ၊ မယိမ်းမယိုင်၊ ခိုင်ခိုင်မြဲမြဲ လက်ကိုင်စွဲပြီး နှစ်ပေါင်းများစွာ ကြံ့ကြံ့ခံရပ်တည်လာနိုင်ခဲ့ခြင်းဟာ ထင်ရှားတဲ့ သက်သေဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မူဝါဒကတော့ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်အပေါ်မှာ အခြေခံထားပါတယ်။ ပင်လုံကတိကဝတ်အတိုင်း တိုင်းရင်းသားတွေလိုလားတဲ့ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို တောင်းဆိုတိုက်ပွဲဝင်လျက်ရှိပါတယ်။

အမျိုးသားတန်းတူရေးဆိုတာက ဗမာတစ်ကျပ်ရသလို ရှမ်းလည်း တစ်ကျပ်ရရမယ်။ ဗမာကသမ္မတဖြစ်ခွင့်ရှိသလို အဲဒီအခွင့်အရေးမျိုး ရှမ်းမှာလည်းရှိရမယ်။ ကချင်၊ ကရင်၊ မွန်နဲ့မှာလည်းရှိရမယ်။ ဗမာတစ်ယောက်က စစ်ရေးတော်လို့ ကာကွယ်ရေးဦးစီးချုပ်လုပ်နိုင်သလို ရှမ်းကလည်း စစ်တိုက်တော်တဲ့သူဖြစ်ရင် ကာကွယ်ရေးဦးစီးချုပ် တက်လုပ်နိုင်ရမယ်။ ဘယ်လူမျိုးမဆို တော်ရင်တော်တဲ့အလျောက် နေရာရှိရမယ်။ အခွင့်အရေး တန်းတူရှိစေရမယ်။ ဘယ်သူကမှ သခင်မဟုတ်ဘူး။ ဘယ်သူမှ ကျွန်မဟုတ်ဘူး။ ဒါကို အမျိုးသားတန်းတူရေးလို့နားလည်ထားပါတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာကတော့ ရှမ်းလူမျိုးတွေနေတဲ့နေရာမှာ ရှမ်းတွေက အုပ်ချုပ်ရမယ်။ ရှမ်းလူမျိုးတွေကပဲ ဥပဒေပြဋ္ဌာန်းပြီး ကိုယ့်ရဲ့ရပိုင်ခွင့်ကို ကိုယ်တိုင်ကာကွယ်ပိုင်ခွင့်ရှိရမယ်။ ထိုနည်းလည်းကောင်းပဲ ဗမာလည်း ဗမာအလျောက်၊ ရခိုင်လည်း ရခိုင်အလျောက် ကိုယ့်ရဲ့အခွင့်အရေးကို ကိုယ်ကိုယ်တိုင် ထိန်းသိမ်း စောင့်ရှောက်နိုင်ရမယ်။ ဒါဟာ ပင်လုံစာချုပ်ထဲမှာပါတဲ့ ပင်လုံကတိကဝတ်နဲ့ဆိုင်တဲ့ အနှစ်သာရတွေပဲဖြစ်ပါတယ်။

တိုင်းရင်းသားအားလုံး ဥပဒေ သိုက်မပျက် နေထိုင်နိုင်ရေးဟာ ကျင့်သုံးတဲ့ နိုင်ငံရေးစနစ်အပေါ်မှာအခြေခံပါတယ်။ SNLD ပါတီရဲ့ နိုင်ငံရေးမူဝါဒထဲမှာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ဆိုတာပါပါတယ်။ ဖက်ဒရယ်စနစ်ဟာ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားခြားနားတဲ့ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု စတာတွေကို အသိအမှတ်ပြုတဲ့စနစ်ဖြစ်ပါတယ်။ နိုင်ငံတစ်ခုအတွင်းမှာရှိတဲ့ လူမျိုးရေးပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ ဖက်ဒရယ်စနစ်ကသာ အထိရောက်ဆုံးဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဟာ သမိုင်းကြောင်းအရ သီးခြားဝိသေသလက္ခဏာရှိတဲ့ နယ်မြေဒေသတစ်ခုနဲ့တစ်ခုအကြား၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား အပြန်အလှန်နားလည်ယုံကြည်လက်ခံကြပြီး အတူတကွ တိုင်းပြည်တစ်ခုအဖြစ် ဖွဲ့စည်းနေထိုင်ကြမယ်ဆိုတဲ့ အတွေးအမြင် အယူအဆတစ်ခုဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုးအကြား အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် အသိအမှတ်ပြုမှသာ ငြိမ်းချမ်းတဲ့ပြည်ထောင်စုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အေးအတူပူအမျှ လက်တွဲနေထိုင်နိုင်မှာဖြစ်ပါတယ်။ ဗမာလူမျိုးကလည်း ရှမ်းလူမျိုးကို လေးစားသလို ရှမ်းလူမျိုးကလည်း ကချင်လူမျိုးကို လေးစားရမယ်။ ဒါမှသာလျှင် ငြိမ်းချမ်းတဲ့ပြည်ထောင်စုအဖြစ် ထာဝရ တည်တံ့နိုင်မှာဖြစ်ပါတယ်။

တစ်ဦးပေါ် တစ်ဦး အနိုင်ကျင့်နေမယ်၊ တစ်ဦးပေါ် တစ်ဦး ဗိုလ်ကျစိုးမိုးနေမယ်၊ အားကြီးတဲ့သူက အားနည်းတဲ့သူကို အနိုင်ကျင့်မယ်၊ ပညာအရာမြင့်မားသူ၊ စီးပွားဥစ္စာပြည့်စုံသူက နိမ့်ကျသူကို အမြတ်ထုတ်နေမယ်ဆိုရင် ဘယ်လိုမှ ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာမဟုတ်ပါဘူး။ တစ်ဦးရဲ့ အခွင့်အရေးကို တစ်ဦးက စော်ကားအမြတ်ထုတ်တဲ့အခါ တစ်ဦးက လည်း သူ့ရဲ့အခွင့်အရေးတွေကို ကာကွယ်ဖို့လုပ်ရင်းနဲ့ စစ်ပွဲတွေ၊ ပဋ္ဌိပက္ခတွေ ပေါ်ပေါက်လာခဲ့ရတာ သမိုင်းစာမျက်နှာမှာ ထင်ရှားလာခဲ့ပြီးဖြစ်ပါတယ်။ လုံ့ကို လုံ့ချင်း၊ ဓားကို ဓားချင်း ဖြေရှင်းခဲ့ကြသလို နှစ်ပေါင်း ၆၀၊ ၇၀ ကြာလာပေမယ့်လည်း ဘယ်သူကမှ အနိုင်မရခဲ့ကြပါဘူး။ ရှမ်းစကားပုံတစ်ခုလိုပါပဲ။ ခွေးက သန်းကိုကိုက်ပေမယ့်လည်း သန်းမသေသွားဘူး။ သန်းက ခွေးကို အမြဲကိုက်နေသော်လည်း ခွေးက သေမသွားပါဘူး။

ကြားထဲက ဒုက္ခခံရတာကတော့ အပြစ်မဲ့ပြည်သူတွေနဲ့ ကလေးသူငယ်တွေပဲဖြစ်ပါတယ်။ စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်ရတယ်၊ ကိုယ်လုပ်ကိုင်စားသောက်နေတဲ့ နယ်မြေဒေသကို စွန့်ခွာထွက်ပြေးကြရတယ်။ ဒါဟာ အင်မတန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ ဒါတွေ ဘာကြောင့်ဖြစ်ရသလဲ၊ တစ်ဦးနဲ့တစ်ဦး တန်းတူမဆက်ဆံကြလို့ပါပဲ။ တန်းတူရေးကို အသိအမှတ်မပြုလို့ပါပဲ။ ဒါကြောင့် ဒီအခွင့်အရေးတွေရရှိဖို့အတွက် ဒီနေ့အထိတိုင် SNLD ပါတီက မရပ်မနားတိုက်ပွဲဝင် တောင်းဆိုနေခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့လိုချင်တဲ့ ပြည်ထောင်စုက တန်းတူတဲ့ပြည်ထောင်စု။ အဲဒီပြည်ထောင်စုထဲမှာ ဗဟိုအစိုးရရှိသလို ပြည်နယ်အစိုးရလည်းရှိရမယ်။ ပြည်နယ်အစိုးရဟာ ကိုယ့်ပြည်နယ်ကို စီမံခန့်ခွဲပိုင်ခွင့် အပြည့်ရှိရမယ်။ ပြည်နယ်တွေမှာ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမယ်။ ပြည်နယ်အစိုးရလို့ဆိုပြီး စည်ပင်သာယာရုံးလောက်သာသာ လုပ်ပိုင်ခွင့်ရှိတဲ့အဖြစ်မျိုး မဖြစ်စေရဘူး။ ထို့အတူ ပြည်နယ်ဝန်ကြီးချုပ် တက်လုပ်မယ့်သူကလည်း ပြည်နယ်သားတွေရဲ့ဆန္ဒအတိုင်းဖြစ်ရမယ်။ ဗဟိုအစိုးရက ခန့်လာတဲ့ပုံစံမျိုးမဖြစ်ရဘူး။ ဒါ့အပြင် ပြည်ထောင်စု လွှတ်တော်ရှိသလို ပြည်နယ်တွေမှာလည်း လွှတ်တော်တွေရှိရမယ်။ အဲဒီလွှတ်တော်ဟာလည်း ပြည်သူတွေက ရွေးချယ်တင်မြှောက်ခြင်းမခံရဘဲနဲ့ လာထိုင်နေတဲ့သူတွေပါတဲ့ လွှတ်တော်မျိုးမဖြစ်စေရဘူး။

ကျွန်တော်တို့လိုချင်တဲ့အစိုးရက တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ အစိုးရမျိုးဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ သစ်တောတွေရှိတယ်၊ လာခုတ်သွားတယ်။ သတ္တုတွေရှိတယ်၊ လာတူးသွားတယ်။ ကျောက်သံပတ္တမြားတွေတွေ့တယ်၊ လာဖော်သွားတယ်။ မြစ်ချောင်းတွေရှိတယ်၊ တမံတွေဆောက်ပြီး လျှပ်စစ်တွေထုတ်တယ်။ သစ်တောတွေပြန်း၊ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးကုန်တော့ရာသီဥတုတွေ ဖောက်ပြန်တယ်။ ရွာတွေရွှေ့ပြောင်းရတယ်၊ ရေတွေကြီးတယ်၊ မြေတွေပြိုကျတယ်။ ဒီဒုက္ခတွေကို ဒေသခံတွေပဲခံစားရတယ်။ ကျောက်မျက်ရတနာ လုပ်ကွက်အသစ်တွေပေါ် လာတယ်။ ကုမ္ပဏီတွေကပဲ လက်ဝါးကြီးအုပ်ထားတယ်၊ ဒေသခံတွေက မကုန်မချင်း ထိုင်ကြည့်နေရတယ်။ လျှပ်စစ်တွေထုတ်သွားတယ်။ သဘာဝဓာတ်ငွေ့ကို ပိုက်နဲ့သွယ်သွားတယ်၊ အဲဒီဒေသတွေမှာ မီးမလင်းခဲ့ဘူး။ ဒီလို တာဝန်မဲ့တဲ့အစိုးရမျိုးကို ကျွန်တော်တို့ မလိုလားဘူး။

ကျွန်တော်တို့ တည်ဆောက်လိုတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဟာ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးရဲ့ ဘဝလုံခြုံမှုရှိစေဖို့အတွက် ဥပဒေရဲ့ အကာအကွယ်ကို အပြည့်အဝခံစားနိုင်ရမယ်။ လူမှုအခြေခံအခွင့်အရေးတွေ အပြည့်အဝရရှိစေရမယ်။ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ စာပေ၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့တွေ မပျောက်ပျက်စေဖို့ ထိန်းသိမ်းပေးရမယ်။ ဖွံ့ဖြိုးတိုးတက်စေဖို့ အလေးထားဆောင်ရွက်ပေးရမယ်။ ကိုယ်သင်ယူလိုက်တဲ့ ပညာက ကိုယ့်ရဲ့ အနာဂတ်ကို အာမခံချက်ပေးနိုင်တဲ့ ပညာရေးမျိုးဖြစ်ရမယ်။ တောင်သူလယ်သမား၊ အလုပ်သမားတွေရဲ့ လူမှုဘဝအဆင့်အတန်းတွေကို တိုးတက်မြင့်မားအောင် ပံ့ပိုးဆောင်ရွက်ပေးရမယ်။ ပြည်သူ့ကျန်းမာရေးကို အလေးပေးပြီး ခေတ်မီဆေးရုံဆေးခန်းတွေမှာ အသက်သာဆုံးကုသနိုင်မယ့် အစီအစဉ်တွေကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-

အမျိုးသားတန်းတူရေးကို အသိအမှတ်မပြုခြင်း၊ ဒီမိုကရေစီ ကင်းမဲ့ခြင်း၊ တစ်ပါတီအာဏာရှင် စနစ်ကြီးစိုးခြင်းတို့ဟာ စစ်မှန်တဲ့ ပြည်ထောင်စုကို တည်ဆောက်တဲ့နေရာမှာ ကြီးမားတဲ့အဟန့်အတားများ ဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံဟာ ပြည်ထောင်အချင်းချင်း စုပေါင်းထားတဲ့ ပြည်ထောင်စုတစ်ခုဖြစ်ပြီး တိုင်းရင်းသား လူမျိုးစု အသီးသီးအလိုက် မတူညီတဲ့ နောက်ခံသမိုင်းကြောင်း၊ ကွဲပြားတဲ့ ယဉ်ကျေးမှုမလေ့ထုံးစံ၊ ခြားနားတဲ့ ကိုးကွယ်ယုံကြည်မှုတွေရှိနေပါတယ်။ မတူကွဲပြားမှုကို အသိအမှတ်ပြုတဲ့ အစဉ်အလာကို ထူထောင်ပြီး အားကြီးသူက အားနည်းသူအပေါ် ဗိုလ်ကျစိုးမိုးတဲ့ အမှုအကျင့်တွေကို ရုပ်သိမ်းနိုင်မှသာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အခြေခံကောင်းတွေ ပေါ်ထွန်းလာစေမှာဖြစ်ပါတယ်။

တန်းတူညီမျှတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်တဲ့နေရာမှာ မိမိလူမျိုးတစ်ခုတည်းရဲ့ အကျိုးစီးပွားကိုသာ အလေးပေးရှေ့တန်းတင်ခြင်းဟာ အခြားသောလူမျိုးများရဲ့ အကျိုးစီးပွားနဲ့ တိုးတိုက်မှုတွေ ဖြစ်ပေါ်စေပါတယ်။ မဟာလူမျိုးကြီးဝါဒ ကိုင်စွဲခြင်းကြောင့် တိုင်းရင်းသားလူမျိုးများရဲ့ နိုင်ငံရေး တန်းတူမှုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်များ ဆုံးရှုံးခဲ့ရပြီး အခြားတစ်ဖက်မှာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒများ ပေါ်ထွန်းလာခဲ့ရပါတယ်။ အဲဒီဝါဒနှစ်ရပ်အကြားမှာပဲ စစ်အာဏာရှင်များ ပေါ်ထွန်းလာခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ မတည်မငြိမ် မအေးမချမ်းနဲ့ ကုန်လွန်သွားခဲ့ရတဲ့ကာလတွေကို အလွန်နှမြောဖို့ကောင်းပါတယ်။ လွတ်လပ်ရေးရပြီးခါစ ကျွန်တော်တို့ထက် နိမ့်ကျတဲ့နိုင်ငံတွေ၊ ကျွန်တော်တို့နဲ့ တန်းတူရည်တူရှိခဲ့တဲ့ နိုင်ငံတွေဟာ ဒီကနေ့ကျွန်တော်တို့ နိုင်ငံကို များစွာကျော်ဖြတ်သွားကြပြီ ဖြစ်ပါတယ်။ ယနေ့အချိန်မှာ

ကျွန်တော်တို့ရဲ့ တိုင်းပြည်ဟာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝကို သက်ဆင်းခဲ့ရသလို ပြည်သူလူထု တစ်ရပ်လုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနဲ့ လူနေမှုအဆင့်အတန်းဟာလည်း နိမ့်ကျသထက် နိမ့်ကျလာပြီး လူမှုဒုက္ခမျိုးစုံကို ခံစားနေကြရပါတယ်။

ညံ့ဖျင်းတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ဆိုးရွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပင်ပင်ပန်းပန်းတစ်နေကုန်တစ်နေခန်း အလုပ်လုပ်ရပြီး မင်တက်ရုံတမယ် စားနေရတဲ့ ဘဝအခြေအနေတွေ၊ အချိန်တွေသာကုန်ပြီး ဘာမှ ဟုတ်တိပတ်တိ မတတ်တဲ့ ပညာသင်ကြားရေးစနစ်တွေ၊ ငွေသာကုန်ပြီး ရောဂါပျောက်အောင်ကုသမပေးနိုင်တဲ့ အမည်ခံ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဟောင်းနွမ်းပြီး အဆင့်အတန်းမမီတဲ့ ဝန်ဆောင်မှုတွေနဲ့ အခြေခံအဆောက်အအုံတွေကိုပဲ ပြည်သူလူထုက ရရှိခံစားခဲ့ရပါတယ်။

လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား-

ယနေ့အချိန်မှာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု တည်ငြိမ်ချောမွေ့စေရေးအတွက် တိုင်းရင်းသားအားလုံးက ပါဝင်ကူညီဖို့လိုပါတယ်။ နိုင်ငံရေးအင်အားစု အားလုံးက ပိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်။ နိုင်ငံသူ နိုင်ငံသားအားလုံးက လည်း အားပေးဖို့လိုပါတယ်။ ဒါမှသာ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် ပြည်ထောင်စုအမွေကောင်းကို ချန်ထားရစ်နိုင်မှာဖြစ်ပါတယ်။ လူမျိုးတစ်မျိုးနဲ့ လူမျိုးတစ်မျိုးကြား ပဋိပက္ခတွေ၊ အမှန်းတရားတွေကို ချန်ထားခဲ့တာထက် သာယာဝပြောတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တရားမျှတမှု၊ တန်းတူမှု စတဲ့ ရေခံမြေခံကောင်းကို ချန်ထားခဲ့ကြဖို့ လိုအင်ပါကြောင်း တင်ပြလိုပါတယ်။

ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကိုသာ ချစ်ခင်တဲ့စိတ်ဓာတ်ဟာ စစ်မှန်ပြီး ပြည့်စုံတဲ့ ပြည်ထောင်စုစိတ်ဓာတ် မဟုတ်သလို အတွေ့လွန်ကဲတဲ့ အမျိုးသားရေးစိတ်ဓာတ်မျိုးနဲ့လည်း ကျွန်တော်တို့ တိုင်းပြည်ကို တည်ဆောက်လို့မရနိုင်ပါဘူး။ ဒီတိုင်းပြည်ကို အတူတကွထူထောင်ကြမယ်၊ အသီးအပွင့်တွေကို မျှဝေခံစားကြမယ်ဆိုတဲ့ ပင်လုံစိတ်ဓာတ်မျိုးဟာ မရှိမဖြစ်လိုအပ်နေပါတယ်။ ထို့အတူပဲ ငြိမ်းချမ်းရေးပြဿနာကို ကော်မတီလေးဖွဲ့ ပေးလိုက်ရုံနဲ့ အဆင်ပြေသွားလိမ့်မယ်လို့ လွယ်လွယ်ယုံကြည်နေခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့တိုင်းပြည်ဟာ ငါးပါးမောက်နေဦးမှာ သေချာပါတယ်။ မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်တဲ့နေရာမှာ အလိုအပ်ဆုံးအရာတစ်ခုကတော့ အမြော်အမြင်ကြီးပြီး လက်တွေ့ကျတဲ့ ဒီမိုကရေစီခေါင်းဆောင်မှုပဲဖြစ်ပါတယ်။

ကျွန်တော်တို့ SNLD ပါတီဟာ ဒီလိုဆောင်ရွက်နေတဲ့ ဘယ်နိုင်ငံရေးအင်အားစုကိုမဆို အစဉ်အမြဲပူးပေါင်း ဆောင်ရွက်နေမယ်ဆိုတာကို အသိပေးပါရစေ။ လွတ်တော်မှာလည်း လွတ်တော်အလိုက်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာလည်း ငြိမ်းချမ်းရေးစားပွဲပိုင်းအလိုက် ကျရာနေရာက လက်တွဲဆောင်ရွက်နေမှာဖြစ်ပါတယ်။ ထို့အတူ အစိုးရကိုအပြုသဘောဆောင် ထိန်းကျောင်းပေးမယ့် အခန်းကဏ္ဍတွေမှာလည်းပဲ ပြည်သူ့လူထုရှေ့က မားမားမတ်မတ်ရပ်တည်ပေးမယ့် အင်အားတစ်ရပ်အဖြစ် အမြဲရှိနေမှာဖြစ်ပါတယ်။

ဒီကနေ့ဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ရွေးကောက်ပွဲတွေကို ကျင်းပနေကြပါတယ်။ ဒီတော့ ပါတီတွေများသလို ပါတီတွေကို ခွဲခြားကြည့်ဖို့ လိုလာပါတယ်။ ကျွန်တော်တို့ရဲ့ SNLD ပါတီကတော့ တိုင်းရင်းသားအရေး၊ ပြည်သူ့အရေးကိုပဲ အစဉ်အမြဲ ဦးထိပ်ထားပြီး ဒီနေ့ထိတိုင် ရင့်ကျက်တည်ငြိမ်တဲ့၊ ရိုးသားတဲ့ပါတီတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ဒီနိုင်ငံမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ငြိမ်းချမ်းခြင်းတရားတွေ အမြစ်တွယ်ထွန်းကားလာစေဖို့ အတွက် ဘယ်သူမျက်နှာကိုမှမထောက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား၊ လျှောက်လှမ်းနေမှာဖြစ်ပါတယ်။ အမျိုးသားတန်းတူရေးကို အာမခံတဲ့၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာဖို့အတွက် သမိုင်းပေးတာဝန်တစ်ရပ်ကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရင်း အနာဂတ်မှာလည်း အားမာန်အပြည့်နဲ့ ဆက်လက်ခိုတက်နေဦးမှာဖြစ်ပါတယ်။

ထို့အတူပဲ SNLD ပါတီကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်မယ့် လွတ်တော်ကိုယ်စားလှယ်လောင်းတွေဟာလည်း မဲဆန္ဒရှင် မိဘပြည်သူတွေကသာ လွတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့မယ်ဆိုရင် ပြည်သူ့လူထုရဲ့အကျိုးကို ကျေပွန်စွာသယ်ပိုးဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကတိပေးပြောကြားလိုပါတယ်။ ဒါကြောင့် မကြာမီ ရောက်ရှိလာတော့မယ့် ရွေးကောက်ပွဲနေ့မှာ မိဘပြည်သူတွေအနေနဲ့ မဲရဲကို အရောက်သွားပြီး ပြည်သူ့ပြည်သားတွေရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ငြိမ်းချမ်းဖို့အတွက် ရဲရဲတင်းတင်း မဲပေးကြပါ၊ ပြတ်ပြတ်သားသား မဲပေးကြပါ၊ သာယာပျော်ရွှင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာဖို့ မိမိတို့ရဲ့ မဲပြားတွေနဲ့ တည်ဆောက်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံး နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်နိုင်ကြပါစေ။
မိုင်ဆွန်ခ။

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများ တက်ရောက်

မန္တလေး ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင်တည်ဆောက်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ် ပေါက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး စသည့် အမျိုးသားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်(၇၃)လမ်းရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးမြို့ရှိ ကချင်၊ ကရင်၊ ချင်း၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားလူမျိုးများ၊ လူမှုရေးအသင်းဥက္ကဋ္ဌများ၊ တိုင်းရင်းသားလူမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမှုးပြုသော တက်ရောက်လာသူများက နိုင်ငံတော်အလံအား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။ ထိုနောက် နိုင်ငံတော်သမ္မတထံမှ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။ ထိုနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသော တိုင်းရင်းသားလူမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ညပိုင်းတွင် မန္တလာသီရိအားကစားကွင်း၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားယဉ်ကျေးမှုပဒေသာကပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရခိုင်ပြည်နယ်၌ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို စစ်တွေမြို့ ဧည့်ဝတီအားကစားကွင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဦးဆောင်ပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့၌ ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆုများပေးအပ်ကြသည်။

ယနေ့အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တင်ထွန်း(ပြန်/ဆက်)

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

ကျောက်ကြီး ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ၂၀၁၇ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက် အောင်ဗလအားကစားကွင်း၌ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများ၊ ရဲဘော်အပေါင်းအား အလေးပြုခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်မှတ်စာစောင် အတွဲ(၁) အမှတ်(၄)ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

မြို့နယ်(ပြန်/ဆက်)

သံဖြူဇရပ်၌ ရွှေဟင်္သာရုပ်တု ဖွင့်လှစ်

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၂

သံဖြူဇရပ်မြို့လယ် ကျိုက္ခမီနှင့် ထားဝယ်လမ်းခွဲလမ်းဆုံအပိုင်းပတ်အလယ်၌ ယခင်က အလှဆင်မီးဆိုင်းတပ်ဆင်ထားရာမှ ယခုအခါ မွန်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအထိမ်းအမှတ် ရွှေဟင်္သာရုပ်တုပြောင်းလဲတပ်ဆင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မွန်ယဉ်ကျေးမှုထိန်းသိမ်းဖော်ဆောင်ရေးအဖွဲ့အစည်းတို့ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အဆိုပါ ရွှေဟင်္သာရုပ်တုဖွင့်ပွဲအခမ်းအနားကို နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့နှင့် မွန်အမျိုးသားနေ့တို့ တစ်ရက်တည်းကျရောက်သည့် ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး တာဝန်ရှိသူများနှင့် ပြည်သူများတက်ရောက်ကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)

အနယ်နယ်အရပ်ရပ်၌ ပြည်ထောင်စုနေ့အခမ်းအနား အသီးသီးကျင်းပ

အင်းစိန်မြို့နယ် - နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အားကစားကွင်း မြက်ခင်းပြင်စင်မြင့်၌ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ဖတ်ကြားသည်။ **(ဒီစက)**

ချောင်းဦးမြို့နယ် - နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား တက်ရောက်လာသူများက အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သို့ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်က ဖတ်ကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

မုံရွာမြို့နယ် - စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများ၊ စစ်ကြောင်းများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကိုဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရွှေကူမြို့နယ် - ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့တွင် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရွှေကူမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီးနောက် နိုင်ငံတော်သမ္မတ ပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က ဖတ်ကြားပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။ **နေလင်းအောင်(ရွှေကူ)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် - ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စစ်တောင်းအားကစားကွင်း၌ ယနေ့နံနက်ပိုင်းက နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ကိုကြီးစိုး (ဆိပ်ကမ်း)**

သထုံမြို့နယ် - မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက သထုံမြို့မအားကစားကွင်းအတွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်အလံအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့နှင့် တက်ရောက်လာသူတို့က စုပေါင်းအလေးပြုကြကာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော သဝဏ်လွှာကို သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ဖတ်ကြားသည်။

သက်ဦး(သထုံ)

သီပေါမြို့နယ် - နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဒုဌဝတီ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာက ဖတ်ကြားသည်။

စိုင်း(သီပေါ)

ငဖဲမြို့နယ် - မင်းဘူးခရိုင် ငဖဲမြို့တွင် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ငဖဲမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ကျင်းပခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ဖတ်ကြားသည်။

သန်းနိုင်ဦး(ငဖဲ)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် - နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာ ဖတ်ပွဲအခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံအား တက်ရောက်လာကြသူများက အလေးပြုကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှမြင့်က နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ **(အပေါ်ပုံ)**

(စိုးဝင်း-MLA)

အားကစား

တိုက်စစ်မှူး အဂူရိ မန်စီးတီးမှ ထွက်ခွာရန် အသင့်ဖြစ်နေဟုဆို

မန်စီးတီးအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး ဆာဂျီယိုအဂူရိသည် မန်စီးတီးအသင်းက ၎င်းအား ရောင်းချရန်အစီအစဉ် မရှိကြောင်း ပြောကြားခဲ့သော်လည်း အီတီဟက်ဒ်မှ ထွက်ခွာရန်ပြင်ဆင်ထားကြောင်းနှင့် ထွက်ခွာရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဆာဂျီယိုအဂူရိ၏ လက်ရှိတစ်ပတ်လုပ်ခလစာပေါင် ၂၅၀၀၀ ဖြင့် ချုပ်ဆိုထားသည့် စာချုပ်သည် ၂၀၂၀ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း မန်စီးတီးအသင်း၌ ဆက်ရှိမည် သို့မဟုတ် ထွက်ခွာမည်ဆိုသည်မှာ ကလပ်အသင်းကသာ ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း အဂူရိက ပြီးခဲ့သည့် တစ်ပတ်အတွင်းက ပြောကြားခဲ့သည်။

"အကောင်းဆုံး လုပ်ဆောင်ပြနိုင်ဖို့ သုံးလကျန်ပါသေးတယ်။ အဲဒီအခါကျရင် ကလပ်အသင်းအနေနဲ့ ကျွန်တော့်ကို ဆက်ထားမလား၊ ဆက်မထားဘူးလားဆိုတာ အဖြေတစ်ခုထွက်လာမှာပါ"ဟု တိုက်စစ်မှူး အဂူရိက ပြောကြားခဲ့သည်။

စပိန်အင်အားကြီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတို့ကလည်း တိုက်စစ်မှူး အဂူရိအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။ ဂျီးဆပ်ရောက်လာပြီးနောက် အဂူရိ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ရပြီး အဂူရိအနေဖြင့် ဂျီးဆပ်အား ထောက်ပံ့ပေးနိုင်သော်လည်း ဒုတိယပွဲထွက်ကစားသမားအဖြစ် ဆက်နေမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။**(ငွေကြေး)**

ဘာစီလိုနာနောက်ခံလူ အလက်ဇန်ဒီဒယ် ၎င်းလက္ခာအနားယူရမည်

ဘာစီလိုနာအသင်း၏ ဗဟိုနောက်ခံကစားသမား အလက်ဇန်ဒီဒယ်သည် ညာဘက်ခြေချင်းဝတ်ဒဏ်ရာပြဿနာ ကြုံခဲ့ရခြင်းကြောင့် ၎င်းလက္ခာအနားယူရမည်ဖြစ်ကြောင်းသိရသည်။

ဗဟိုနောက်တန်းကစားသမား အလက်ဇန်ဒီဒယ်သည် ဘာစီလိုနာအသင်းက အလာဗက်စ်အသင်းအား ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် စပိန်လာလီဂါပွဲစဉ်တွင် အဆိုပါဒဏ်ရာပြဿနာ ကြုံခဲ့ရ ခြင်းဖြစ်ကြောင်းသိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်တန်းကစားသမား အလက်ဇန်ဒီဒယ်သည် ဘာစီလိုနာအသင်းနှင့် အလာဗက်စ်အသင်းတို့၏ ပွဲစဉ်၌ ပွဲကစားချိန် ၈၅ မိနစ်တွင် အလာဗက်စ်ကစားသမား သီယို ဟာနန်ဒက်ဇနှင့်ထိခိုက်မိကာ ကွင်းပြင်သို့သယ်ထုတ်သွားခဲ့ရသည်။

နောက်တန်းကစားသမား အလက်ဇန်ဒီဒယ်သည် ၂၀၁၅ ခုနှစ်အတွင်းက ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ၎င်းလက္ခာအနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းတွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ညာဘက်ခြေချင်းဝတ်ဒဏ်ရာကို ဆေးဝါးကုသမှုခံယူရန် လက်ရှိတွင် အလာဗက်စ်မြို့ရှိ ဆေးရုံတစ်ခုတွင် ဆေးကုသမှုခံယူလျက်ရှိပြီး အလက်ဇန်ဒီဒယ်၏ ယခုဒဏ်ရာပြဿနာသည် လာလီဂါပွဲစဉ်များတွင် ဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာပြဿနာများအနက် ဒုတိယအကြီးမားဆုံးဖြစ်ပြီး ယခင်က အိုဆာစူနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တစ်ခုတွင်လည်း အိုဆာစူနာနောက်တန်းကစားသမား တာနိုဘွန်နင် ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(ငွေကြေး)**

ပရီမီယာလီဂ်ရမှတ် ၂၀၀၀ ပြည့်ခဲ့သည့် မန်ယူအသင်း

မန်ယူအသင်းသည် ပရီမီယာလီဂ် ပွဲစဉ်(၂၅)အဖြစ် ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဝက်ဖို့ဒ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ရမှတ်သုံးမှတ်အပြည့် ရရှိခဲ့ခြင်းကြောင့် ပရီမီယာလီဂ်သမိုင်းတွင် ရမှတ် ၂၀၀၀ ပြည့်မြောက်သည့်ပထမဆုံးအသင်းဖြစ်လာခဲ့ပြီဖြစ်သည်။

မန်ယူအသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ကွင်းလယ်ကစားသမား မာတာနှင့် တိုက်စစ်မှူး မာရှယ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝက်ဖို့ဒ်အသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် မန်ယူအသင်းအတွက် ပရီမီယာလီဂ်သမိုင်းတွင် ပွဲစဉ် ၅၉၉ ပွဲနိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး မတ် ၄ ရက်တွင်ကစားမည့် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့မည်ဆိုပါက ပရီမီယာလီဂ်သမိုင်းတွင် ပွဲပေါင်း ၆၀၀ နိုင်ပွဲရရှိသည့်မှတ်တမ်းလည်း ရေးထိုးနိုင်မည်ဖြစ်သည်။

ပရီမီယာလီဂ်ပြိုင်ပွဲသမိုင်းတွင် ရမှတ်ရရှိမှုကို ကြည့်မည်ဆိုပါက မန်ယူအသင်းက ရမှတ် ၂၀၀၀၊ အာဆင်နယ်အသင်းက ရမှတ် ၁၇၉၇ မှတ်၊ ချယ်လ်ဆီးအသင်းက ရမှတ် ၁၇၅၅ မှတ်၊ လီဗာပူးအသင်းက ရမှတ် ၁၆၄၇ မှတ်၊ စပါးအသင်းက ရမှတ် ၁၄၁၁ မှတ်၊ အဲဗာတန်အသင်းက ရမှတ် ၁၃၀၄ မှတ် စသည်ဖြင့် အသီးသီးရရှိထားကြောင်း သိရသည်။ **(ငွေကြေး)**

ရီးယဲလ်မက်ဒရစ်နဲ့အတူ ပွဲ(၅၀၀)ပြည့်ကစားခဲ့တဲ့ ရာမို့စ်

ရီးယဲလ်မက်ဒရစ်အသင်း၏ အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်သည် အိုဆာစူနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ဖေဖော်ဝါရီ ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တွင် ပါဝင်ကစားခဲ့ခြင်းကြောင့် အဆိုပါပွဲစဉ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲ(၅၀၀)ပြည့်ကစားခဲ့သည့်ပွဲစဉ်လည်းဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အိုဆာစူနာအသင်းကို အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားဒုတိယနေရာမှ ဘာစီလိုနာအသင်းကို နှစ်ပွဲလျော့အနေအထားဖြင့် ထိပ်ဆုံးမှ ဦးဆောင်ခွင့်လည်းရရှိခဲ့သည်။

နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်သည် ၂၀၀၅ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးယူရို ၂၇ သန်းဖြင့် ဆီဗီလာအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး အသင်းဥက္ကဋ္ဌဖလော်ရန်တီနိုပီရက်ဇ်က ပထမဆုံးသောစပိန်ကစားသမားတစ်ဦးကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆာဂျီယိုရာမို့စ်၏ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ဂိုးသွင်းယူနိုင်မှုမှာ စုစုပေါင်း သွင်းဂိုး ၆၆ ဂိုးအထိရှိခဲ့ပြီး ယင်းသွင်းဂိုးများအနက် ၄၃ ဂိုးမှာ ခေါင်းတိုက်သွင်းယူခဲ့သည့်သွင်းဂိုးများဖြစ်သည်။ နောက်တန်းကစားသမား ရာမို့စ်သည် ချန်ပီယံလီဂ်ဖလားနှစ်ကြိမ်၊ လာလီဂါဖလားသုံးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားနှစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားနှစ်ကြိမ်၊ ကမ္ဘာ့ကလပ်အသင်းများဖလားနှစ်ကြိမ် အပါအဝင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ဆုဖလား(၁၃)ကြိမ်အထိ ရယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ **(ငွေကြေး)**

ဂျာဂန်ကလော့နှင့် မော်ရင်ဟိုအကြား ခြားနားချက် ကွင်းလယ်ကစားသမား အမ်ခီတာယန် ဆွေးနွေး

ကွင်းလယ်ကစားသမား အမ်ခီတာယန်သည် နည်းပြဂျာဂန်ကလော့နှင့် နည်းပြ မော်ရင်ဟိုတို့၏ လက်အောက်တွင် ကစားခဲ့သည့် အတွေ့အကြုံရင့်ကျက်သည့် ကစားသမားအချို့ထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။ အမ်ခီတာယန်သည် နည်းပြဂျာဂန်ကလော့လက်အောက်တွင် ဒေါ့မွန်အသင်း၌ ကစားခဲ့ပြီး လက်ရှိမော်ရင်ဟို လက်အောက်တွင် မန်ယူအသင်း၌ ပါဝင်ကစားနေခြင်းဖြစ်သည်။

"ဂျာဂန်ကလော့နဲ့ မော်ရင်ဟိုတို့ဟာ အလွန်ဆက်ဆံရေးကောင်းတဲ့နည်းပြတွေပါ။ သူတို့ရဲ့ တာဝန်ကိုလည်း အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သလို ဝါရင့်နည်းပြတွေလည်းဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အလုပ်လုပ်ကိုင်တဲ့နည်းလမ်းတွေကတော့ အလွန်ပဲခြားနားလွန်းပါတယ်။"ဟု ကွင်းလယ်ကစားမား အမ်ခီတာယန်က ပြောကြားခဲ့သည်။

နည်းပြသစ်တစ်ဦးအနေဖြင့် လေ့ကျင့်ရေးကွင်း သို့မဟုတ် ကစားပွဲတစ်ခုတွင် ကစားသမားတစ်ဦးအား နားလည်မှုပေးနိုင်ရန်မှာ အလွန်မလွယ်ကူသည့်ဖြစ်ရပ်ဖြစ်ကြောင်းနှင့် နည်းပြမော်ရင်ဟိုလက်ထက်တွင် အထိုင်ကျနေပြီဖြစ်သောကြောင့် မန်ယူအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ကွင်းလယ်ကစားသမား အမ်ခီတာယန်က ပြောကြားခဲ့သည်။ **(ငွေကြေး)**

ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁)ရှိ ဂိုဒေါင်တစ်ခုမှ တရားမဝင်သစ် တန် ၆၀ ထပ်မံသိမ်းဆည်းရမိ၊ ယနေ့အထိ တရားမဝင်သစ် တန် ၁၂၀၀ ကျော် သိမ်းဆည်းရမိခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁)ရှိ ဂိုဒေါင်တစ်ခုမှ တရားမဝင်သစ် တန် ၆၀ ကို ယနေ့ နံနက်ပိုင်းက ထပ်မံသိမ်းဆည်းရမိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ တရားမဝင်သစ် တန် ၁၂၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးစီး၍ သစ်တောဝန်ထမ်းများပါဝင်သည့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁) ဦးထွန်းညိုလမ်းခြံအမှတ်(၁၄၅)(ဘီ) ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ တရားမဝင် ပိတောက် စကွဲယားတုံး ၅၅ တန်ခန့်နှင့် တမလန်းစကွဲယားတုံး ငါးတန်ခန့် စုစုပေါင်း တန် ၆၀ ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

"ကျွန်တော်တို့ ဝန်ထမ်းတွေအပါအဝင် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု အားတွေလည်းပါတယ်။ သူတို့ရဲ့ အကြမ်းဖျင်း သတင်းအချက်အလက်ပေးတဲ့အပေါ် ကျွန်တော်တို့ဝန်ထမ်းတွေက ကြိုးစားဖော်ထုတ်တယ်။ နှစ်ခုစလုံးရဲ့ အားတွေပါပဲ"ဟု ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

ပြီးခဲ့သည့်လ ၂၄ ရက်က MIP ဆိပ်ကမ်းဝင်းအတွင်းရှိ ကွန်တိန်နာ နှစ်လုံးအတွင်း တရားမဝင် ကျွန်းသစ်များ သိမ်းဆည်းရမိမှုမှ အစပြုပြီး သတင်းကွင်းဆက်များအရ ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရားမဝင်သစ် စုစုပေါင်း တန် ၁၂၀၀ ကျော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး အများစုမှာ ပိတောက်သားများ ဖြစ်ကြောင်း သိရသည်။

သိမ်းဆည်းရမိသည့်သစ်များတွင် ပိတောက်သား အများစုပါဝင်နေခြင်းကို ညွှန်ကြားရေးမှူး ဦးသိန်းတိုးက "ပိတောက်သားက ရန်ကုန်မှာသုံးစွဲတာ အများကြီးမရှိပါဘူး။ ကွန်တိန်နာတွေထဲမှာ သိမ်းဆည်းထားတာကြောင့် ပိတောက်သားက တရားမဝင်နည်းနဲ့ နိုင်ငံခြားစျေးကွက်ကို ပို့ဖို့ ကြံစည်တယ်လို့ သုံးသပ်ရပါတယ်"ဟု သုံးသပ်သည်။

ယခုကဲ့သို့ သိမ်းဆည်းရမိသည့် ဖြစ်စဉ်များတွင် သစ်ပိုင်ရှင်ဟု ယူဆသူများကို ထိရောက်သည့် ဥပဒေများဖြင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

"ခြံရှင်၊ ဂိုဒေါင်ပိုင်ရှင်တွေက မစစ်ဆေးဘဲ လက်ခံလိုက်ကြတယ်။ အခုလို ဆက်တိုက်ဖမ်းမိလာတဲ့အပေါ် သူတို့အနေနဲ့လည်း ဂရုပြုသင့်ပါတယ်။ သစ်တွေနဲ့ ပတ်သက်လို့ ငှားထားမိတယ်ဆိုရင်လည်း တရားဝင်တယ်၊ မဝင်ဘူးဆိုတာကို စနစ်တကျနဲ့ ပြန်လည်စိစစ်ဖို့ လိုလာပါပြီ။ သံသယရှိဖွယ်ဖြစ်တယ်ဆိုရင် ကျွန်တော်တို့သစ်တော ဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆက်လက်ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ၁၆ ရက်အတွင်း ကျွန်း တန် ၆၀ ကျော်၊ ပိတောက် ၉၅၄ တန်ကျော်၊ တမလန်း ၂၅ တန် (စိစစ်ဆဲ) နှင့် ကုက္ကို ငါးတန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၁၀၀၀ ကျော်၊ ဆက်စပ်ပစ္စည်းများအနေဖြင့် ကွန်တိန်နာ အခွံ ရှစ်လုံးအပါအဝင် စုစုပေါင်း ၃၇ လုံး၊ ကွန်တိန်နာတင် ၁၀ ဘီးယာဉ်အလွတ် ခြောက်စီး ကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀၀ ကျော်ခန့်ကို သစ်တော ဦးစီးဌာနက သိမ်းဆည်းရမိထားသည်။

သတင်း - တာရာ၊ ဓာတ်ပုံ- သစ်တောဦးစီးဌာန

၂၀၁၇ ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးမှု ၈၀၈ မှုမှ တရားခံ ၁၁၆၃ ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ မူးယစ်ဆေးဝါးမှုများ ပပျောက်ရန်အဘက်ဘက်မှ တားဆီးဆောင်ရွက်နေသော်လည်း ဝိသမစီးပွားရေးသမားများကြောင့် နေ့စဉ်နှင့်အမျှဆိုသလို မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိနေကြောင်း သိရသည်။

ထိုကဲ့သို့ ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးမှု ၈၀၈ မှုမှ တရားခံ အမျိုးသား ၁၀၂၀၊ အမျိုးသမီး ၁၄၃ ဦး စုစုပေါင်း ၁၁၆၃ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ ဘိန်း ၃၄ မှုမှ ၁၉၅ ဒသမ ၁၉၆၁ ကီလို၊ ဘိန်းဖြူ ၂၆၅ မှုမှ ၇ ဒသမ ၆၄၉၂၄၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၈ မှုမှ ဆေးပြား ၇၃၄၈၄၀၊ အဆင့်နိမ့်ဘိန်း လေးမှုမှ သုည ဒသမ ၀၉၉၇ကီလို၊ ဆေးပြားအကြေ သုံးမှုမှ သုည ဒသမ ၁၉၆၄ ကီလို၊ ဆေးခြောက်မှု ရှစ်မှုမှ ၂ ဒသမ ၈၆၉၁၅ ကီလို၊ ဘိန်းစာမှုန့် ၂၀ မှုမှ ၅၈ ဒသမ ၂၈၉ ကီလို၊ ဘိန်းညိုမှုန့် တစ်မှုမှ ၄၆ ကီလို၊ ဘိန်းဆီခဲခြောက်မှုမှ ၃ ဒသမ ၃၁၄၁၆၅ ကီလို၊ ဘိန်းဆီရည် သုည ဒသမ ၇၄ လီတာ၊ ဘိန်းဖြူရည် တစ်မှုမှ သုည ဒသမ ၀၀၁ လီတာ၊ အိုကိန်စ် နှစ်မှုမှ ၁၉ ဒသမ ၂၂၅၂ ကီလို၊ ကတ်စာမင်း တစ်မှုမှ ၂၄ ကီလို၊ ဗျူပရီနော်ဖင်း တစ်မှုမှ ၉ ပြား၊ လိုရာဇီပမ်း ၇ ပြား၊ ထရာမဒေါလ် တစ်မှုမှ ၅၅ တောင့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သန်းဦး (သတင်းစဉ်)

■

တောဆင်ရိုင်းနင်းသဖြင့် လူတစ်ဦးသေဆုံး

ငွေဆောင် ဖေဖော်ဝါရီ ၁၂

ငွေဆောင်မြို့၊ သဇင်ကျေးရွာအုပ်စု ရှောက်ပင်ချောင်းကျေးရွာနှင့် (၂၃)မိုင် ကျောက်မိုင်းကျေးရွာကြား ပုသိမ်-ငွေဆောင် ကားလမ်း မိုင်တိုင်အမှတ်(၂၂/၄) ကားလမ်းဘေး၌ ဖေဖော်ဝါရီ ၁၁ ရက် ည ၁၁ နာရီက တောဆင်ရိုင်းနင်းသဖြင့် လူတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သဇင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ငွေဆောင်မြို့၊ (၂၃)မိုင် ကျောက်မိုင်းကျေးရွာတွင် ကျပန်းလုပ်ကိုင်သူ ဦးလှဌေး အသက်(၅၆)နှစ် ဖြစ်ပြီး တောဆင်ရိုင်းနင်းထားသည့် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်။

မူမူ(ပြန်/ဆက်)

အမည်အမှန်

နေပြည်တော် တပ်ကုန်း အထက(၂) တတိယတန်း(A)တွင် ပညာသင်ကြားနေသော အဖ ဦးသန်းဆွေ၏ သမီး မနှင်းအေပရယ်၏ အမည်အမှန်မှာ မနှင်းပေရယ် ဖြစ်ပါသည်။

"ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဒုတိယထပ်၊ အခန်း(၂၁၂/၂၀၃)၊ အမှတ်(၁/၂-B)ရှိ အမ်အိုင်အိပ်(ချ)ကုမ္ပဏီလီမိတက် MIH Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၉၉၄/၂၀၁၂-၂၀၁၃၏ ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးရန်အောင်စိုး[၁၃/လရန(နိုင်)၁၂၄၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ၅-၉-၂၀၁၆ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၁၁၄၀၉/၂၀၁၆)နှင့် (၁၀၄၁၀/၂၀၁၆)တို့အရ ကျွန်ုပ်တို့၏အမှုသည်က တစ်ဦးတည်းမူပိုင်အဖြစ် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

D'CO DONUTS & BAKERY ဒီဝို မုန့်တိုက်

D'CO DONUTS & BAKERY

မှတ်ပုံတင်စာချုပ်အမှတ်(၁၁၄၀၉/၂၀၁၆) မှတ်ပုံတင်စာချုပ်အမှတ်(၁၀၄၁၀/၂၀၁၆)

ကျွန်ုပ်တို့၏အမှုသည် သည် "အမ်အိုင်အိပ်(ချ)"ကုမ္ပဏီမှ ထုတ်လုပ်သည့် အထက်ဖော်ပြပါ "D'CO(Donuts & Bakery)" ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့် "ပေါင်မုန့်(Bread)၊ ကိတ်မုန့်(Cake)၊ ဒိုးနတ်(Donuts)၊ ကွတ်ကီး(Cookie)၊ ဘီစကစ်(Biscuit)၊ မုန့်ကြွပ်(Rusk Bread/Crispy Bread) ၊ ကိတ်ခြောက်(Crispy Cake Rusk)၊ မုန့်အစုံ(Pastry)နှင့် စားသောက်ကုန်ပစ္စည်းများ" အစရှိသည်တို့ကို ထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့များတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထိုသို့ရောင်းချသည့် အထက်ပါ "မုန့်မျိုးစုံနှင့်စားသောက်ကုန်ပစ္စည်းများ"တို့ကို ထုပ်ပိုးသည့်ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူအိတ်၊ စက္ကူဘူးအမျိုးမျိုးနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို ရိုက်နှိပ်၍ လက်လီ လက်ကား ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ "အမ်အိုင်အိပ်(ချ)"ကုမ္ပဏီမှ ထုတ်လုပ်သည့် "D'CO(Donuts & Bakery)"ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို ကျွန်ုပ်တို့အမှုသည်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တုပ၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ ရှေ့/နောက် စာလုံးပြောင်း၍ဖြစ်စေ မပြုလုပ်ရန်နှင့် ယင်းတံဆိပ်အမှတ်အသားကို ပုံနှိပ်ပေးခြင်း၊ ရိုက်နှိပ်ပေးခြင်း၊ ဒီဇိုင်းပြုလုပ်ပေးခြင်း စသည်များ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

ဦးကျော်မြင့်ထွန်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၂၁၂၈)
လမ်း၃၀၊ ၆၈×၇၀လမ်းကြား၊ တိုင်းစုပေါင်းရုံးဝင်းအတွင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၃၁၄၇၀၈၆

Asia Top ၄ မန်းရွှေတော်တော်ဘုရားမွှေတော်သို့ (အပတ်စဉ်-အာဂ၊ သောကြာ)
⅄ မန်းရွှေစက်တော်နှင့် ကျောင်းတော်ရာ၊ စတ္တိန်းတဲ၊ နုဂါးပွက်၊ မကွေးပြသလွန်၊ ပြည်(လမ်းဘုရားစုံ)
⅄ မန်းရွှေစက်တော်နှင့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ငွေယိတော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ ရွှေကူ(ဓာတ်တော်)
⅄ မန်းရွှေစက်တော်နှင့် မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း၊ အလောင်းတော်ကဿပ၊ ပိုလ်ဝင်တောင်၊ ရွှေဘောင်
⅄ မန်းရွှေစက်တော်နှင့် မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ၊ ပိုလ်ဝင်တောင်၊ ရွှေဘောင်
⅄ အလောင်းတော်ကဿပ(သီးသန့်)၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပိုလ်ဝင်တောင်၊ ရွှေဘောင်
⅄ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထပ်ခမ်းဂူ၊ ပွေတော်ကတ္တူ၊ မိန်းဝရဲတောင် (ဆက်၍) လှိုင်ကော်
⅄ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကျိုကွမ်း၊ စက်ခဲ။ Feb 10,17,24, Mar 3,10
09 43164118, 09 421099574, 09 8635520 ကားမျိုးစုံစီးလိုးဖွားသည်

နန်းညီးကျိုင် အင်းတော်ကြီးရွှေမဏ္ဍပ်။ ဇလုံတောင်
● အင်းတော်ကြီးရွှေမဏ္ဍပ်ဘုရား။ ကသာ၊ ဖန်းမောက်၊ ဇလုံတောင်(၁)ရွှေတောင်၊ ကျောက်မကွာပ်တောင်နှင့် ရွှေဘိုဂို၊ မန္တလေး ဘုရားစုံပူး(၆)ရက်။ ဆက်၍ ပြန်ကြီးနားး(၂)ညအိပ်၊ မေခ-ပေလိသမြစ်ဆုံ အပါ(၈)ရက်။
● ရွှေစက်တော်၊ စတ္တိန်းတဲ၊ နုဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေး(၃)ရက်။ အလောင်းတော်ကဿပ ပါ(၅)ရက်။
● ရွှေစက်တော်၊ ပုဂံဘုရားစုံပူး၊ ပုပ္ပါး၊ ငွေယိတော်လေးဆူ၊ ပခုက္ကူ သီဟိုဠ်ရှင်(၅)ရက်။ (အပတ်စဉ်-သောကြာ)
● ရွှေစက်တော်၊ ရခိုင်မြောက်ဦးဘုရားစုံ၊ စစ်တွေ၊ ပေလီ(၇)ရက်။● မော်တင်ဓွန်း ငွေတောင်၊ ပုသိမ်(၃)ရက်
● ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုကွမ်း၊ စက်ခဲ (၅)ရက်- ဆက်၍ မြိတ်(ဘီတ်)ပါ (၇)ရက်။
● အလောင်းတော်ကဿပ၊ မဟာမြတ်မုနိ၊ စစ်ကိုင်း၊ ပုဂံ(၃)ရက်။ ဆက်၍- မန္တလေး၊ ပြင်ဦးလွင်ပါ(၅)ရက်။
ဖုန်းဆိုးတန်း 01-391577, သန်လျက် 056-21671, 09-254340569, တာမေ 09-5122961

ue&Sufa&mufu&Sif;nmpm
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်မှ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်အမှတ်(၃၄၃) မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူသူ ဦးဝင်းတင်[၁၄/ကပန(နိုင်)၀၆၂၅၅]မှ မြေချစလစ် (မူရင်း)တင်ပြပြီး၊ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ မြေချပါမစ်ထုတ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်တင်သွင်းနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေယာဌာနဒွေ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(လှိုင်၊ မရမ်းကုန်း၊ အင်းစိန်)

SH မြင့်သူထက် YL
PPTT
(၁၀) ရက်ပြတ်နှင့် ပုံမှန်တန်းများ
ဝ၊၁၀တန်း နွေ(၃)လပြတ် ၊ပုံမှန်၊ လုံးသင်သည်
JO ထူးမြူထူးဇရေး Non-stop
သစ်တော
နယ်ခပ်
ကုန်ကြီးတန်ဖိုးပေးသည်
ဈာအုပ်အခန့် ၁၀တန်း ဘာသာရပ်ကျမ်းကျင် ဆရာပြန် လက်ပြို
ကိုက် (၃၅) ၃ လွှာ၊ ၀၆ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊
ရန်ကုန်။ ဖုန်း - ၀၁၅၂၃၀၁၊ ၀၉၅၃ဝ၃ဝ၅ဝ၅၊ ၀၉၂၄ဝ၃ဝ၄ဝ၀၅။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဗိုလ်လရောင်လမ်းနေ ဒေါ်အေးအေးမော် (၁၄/ဟသတ(နိုင်)၁၅၇၈၉၆) ၏သားဖြစ်သူ မောင်ကိုကိုချစ်(၁၂/ဒပန(နိုင်)၀၆၄၆၂) သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ ၎င်းဆန္ဒအလျောက် ပြုမူလုပ်ကိုင်နေပါသဖြင့် ယခုမှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။
ဒေါ်အေးအေးမော် (၁၄/ဟသတ(နိုင်)၁၅၇၈၉၆)

မီးသတိပြု

ရက်ပန်ဇယ်ရုပ်ရှင်သစ်ရဲ့ ဇာတ်ဝင်တေး အစမ်းထုတ်လွှင့်

ဒစ်စနေရဲ့ အောင်မြင်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ မင်းသမီးလေးရက်ပန်ဇယ်အကြောင်း ပုံဖော်ထားတဲ့ "Tangled"ရုပ်ရှင်ရဲ့ရုပ်ရှင်သစ်မှာ ပါဝင်မယ့် ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ကို လတ်တလောမှာ အစမ်းထုတ်လွှင့်ပြသလိုက်ပြီဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ "Tangled"ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် " Tangled: Before Ever After"မှာ ပါဝင်မယ့် အဓိကဇာတ်ဝင်တေးသီချင်းရဲ့ တစ်မိနစ်ခန့်ကြာမြင့်တဲ့ ဗွီဒီယိုဖိုင်ကို အစမ်းထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဆိုပါတေးသီချင်းကို ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင် ရက်ပန်ဇယ်နေရာမှာ အသံဖြင့်ပါဝင်သရုပ်ဆောင်ထားတဲ့ ဒစ်စနေသရုပ်ဆောင်တစ်ဦးဖြစ်သူ မန်ဒီမိုရီက သီဆိုထားတာဖြစ်ပါတယ်။ "Only Hope"တေးသီချင်းနဲ့ နာမည်ကျော်ခဲ့တဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်တဲ့ မန်ဒီမောသီဆိုထားတဲ့ ယင်းရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးသီချင်းကိုတော့ " Wind in My Hair" လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။

" Wind in My Hair"တေးသီချင်းမှာ မန်ဒီမိုရီရဲ့ အမြင့်သံတွေကို ပိုင်ပိုင်နိုင်နိုင်သီဆိုထားမှုတွေနဲ့ လှပအောင်သီဆိုထားတဲ့ သူ့ရဲ့အဆိုပညာကိုလည်း ခံစားကြရမှာဖြစ်ပြီး ယင်းတေးသီချင်းကို ရေးစပ်ပေးထားတဲ့ သူတွေကတော့ နာမည်ကျော် တေးရေးဆရာတွေဖြစ်ကြတဲ့ အယ်လန်မန်ကန်နဲ့ ဂလန်းစလိတ်တာတို့ ဖြစ်ကြပါတယ်။

" Tangled: Before Ever After "မှာတော့ ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင် " Tangled: Ever After "မှာ အဆုံးသတ်သွားခဲ့တဲ့ မင်းသမီးလေး ရက်ပန်ဇယ်ရဲ့ ပျော်ရွှင်စရာကောင်းတဲ့ လက်ထပ်ပြီးဘဝတွေကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ အဆိုပါ ရုပ်ရှင်သစ်ကိုတော့ လာမယ့် မတ်လ ၁၀ ရက်နေ့မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဂျက်ဆီကာ၊ ဂျင်းနီနဲ့ အိုင်ရင်းတို့ သုံးဦးအကြားက တူညီနေတဲ့အချက်

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တွေဖြစ်ကြတဲ့ တေးသံရှင်တစ်ဦးလည်းဖြစ် ဒီဇိုင်နာတစ်ဦးလည်းဖြစ်တဲ့ ဂျက်ဆီကာ၊ "BLACKPINK"တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်းနီနဲ့ "Red Velvet" တေးဂီတအဖွဲ့ဝင် အိုင်ရင်းတို့သုံးဦးအကြားမှာရှိတဲ့ တူညီတဲ့ အချက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းက ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၁ရက်မှာ ဖော်ပြခဲ့ပါတယ်။

ဒီလို လတ်တလောမှာ အောင်မြင်ကျော်ကြားလျက်ရှိတဲ့ ကြယ်ပွင့်သုံးဦးအကြား တူညီခဲ့တဲ့ တိုက်ဆိုင်မှုတစ်ခုကတော့ သူတို့သုံးဦးစလုံးဟာ အရောင်ရော၊ အဆင်ပါတူညီတဲ့ အပေါ်ထပ်အင်္ကျီကို ဝတ်ဆင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဝတ်ဆင်ခဲ့တဲ့ အချိန်နဲ့ နေရာတွေကွဲပြားခဲ့ကြပေမယ့် သုံးဦးစလုံးဟာ တစ်ပုံစံတည်းတူနေတဲ့ Gucci အမှတ်တံဆိပ်အပေါ်ထပ်အင်္ကျီကို ဝတ်ဆင်ခဲ့ကြတာဖြစ်ကြောင်း သိရပါတယ်။

သူတို့သုံးဦးအနက် အဆိုပါအင်္ကျီကို ပထမဆုံးဝတ်ဆင်ခဲ့တဲ့ သူကတော့ ဂျင်းနီဖြစ်ပြီး ဂျင်းနီကတော့ " BLACKPINK "ရဲ့ တိုက်ရိုက်ဖျော်ဖြေမှုတစ်ခုအတွင်း ယင်းအင်္ကျီကို ဝတ်ဆင်ကာ ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အိုင်ရင်းက ယင်းအင်္ကျီကို ဝတ်ဆင်ကာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်မှာ ကျင်းပခဲ့တဲ့ (၂၆) ကြိမ်မြောက် "Soul Music Awards" ဆုပေးပွဲကြီးရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့တာ ဖြစ်ပါတယ်။

ယခင်ဝတ်ဆင်ခဲ့တဲ့ သူတွေနဲ့မတူဘဲ အဆိုပါအင်္ကျီကို အခမ်းအနားတွေမှာ ဝတ်ခဲ့ခြင်းမဟုတ်ဘဲ သာမန်အချိန်မှာ ဝတ်ဆင်ခဲ့တဲ့ သူကတော့ ဂျက်ဆီကာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်သုံးပတ်ခန့် အောင်မြင်တဲ့ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်သူ ဂျက်ဆီကာက အဆိုပါအင်္ကျီကိုဝတ်ဆင်ကာ ပန်းတွေအကြား ရိုက်ကူးထားတဲ့ သူ့ရဲ့ အလှဓာတ်ပုံတစ်ပုံကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မှာ ရှိနေစဉ် အတွင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြလာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ယခုလို တစ်ထပ်တည်းဆင်တူတဲ့အင်္ကျီတွေကိုပဲ ဝတ်ဆင်ခဲ့ကြပေမယ့် သုံးဦးစလုံးဟာ မတူညီကွဲပြားတဲ့ စတိုင်တွေနဲ့ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုပုံစံတွေအလိုက် စွဲဆောင်မှုရှိစွာ အလှချင်းအပြိုင် ဝတ်ဆင်နိုင်ခဲ့ကြကြောင်းလည်း သိရပါတယ်။

မင်ဇီပြောလာတဲ့ 2NE1ကို အလွမ်းဆုံးအရာ

အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာကာ နောက်ဆုံးနှုတ်ဆက်တေးသီချင်းနဲ့ ပရိသတ်တွေကို နှုတ်ဆက်ခဲ့ပြီးဖြစ်တဲ့ တောင်ကိုရီးယားတေးဂီတအဖွဲ့ 2NE1မှ အဖွဲ့ဝင် ဟောင်းတစ်ဦးဖြစ်သူ မင်ဇီက လတ်တလောမှာတော့ သူ့အနေနဲ့ 2NE1 ကို အလွမ်းရဆုံးအရာတစ်ခုကို ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့မဖျက်သိမ်းမီကပင် 2NE1 ကနေ နှုတ်ထွက်သွားခဲ့တဲ့ မင်ဇီဟာ 2NE1 အဖွဲ့ရဲ့ နှုတ်ဆက်သီချင်းမှာ ပါဝင်ခွင့်မရခဲ့ပေမယ့် သူ့အနေနဲ့ အဖွဲ့ဝင်တွေနဲ့ အတူလက်တွဲလာခဲ့တဲ့ ခုနှစ်နှစ်တာကာလတွေကို အလွန်ပဲ လွမ်းဆွတ်မိကြောင်းနဲ့ အထူးသဖြင့် 2NE1 ရဲ့ အဖွဲ့ဝင်တစ်ဦးဘဝမှာ ရရှိခဲ့တဲ့ ပရိသတ်တွေရဲ့ တစ်ခဲနက် ဟစ်အော်အားပေးသံတွေကို အထူးပင်လွမ်းဆွတ်မိကြောင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၀ ရက်မှာ ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ဖွင့်ဟခဲ့ကြောင်း သိရပါတယ်။

မင်ဇီက "များစွာသောပရိသတ်တွေဟာ 2NE1 တေးဂီတအဖွဲ့အဖြစ် သူတို့ရဲ့ အချစ်တွေနဲ့ ဂရုစိုက်မှုတွေကို ကျွန်မတို့အတွက် လွန်ခဲ့တဲ့ ခုနှစ်နှစ်တာကာလပတ်လုံး ပေးခဲ့ကြပါတယ်။ ဒီလိုအားပေးခဲ့တဲ့ ပရိသတ်တွေဟာ လည်း အရာရာမှာ အဆင်ပြေကြပါစေ"လို့ အဖွဲ့ဖျက်သိမ်းကြောင်း တရားဝင်ကြေညာခဲ့စဉ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခု ဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အမှတ်တရ ရေးသားဖော်ပြခဲ့ပါတယ်။

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ဖို့အတွက် 2NE1 ကနေ နှုတ်ထွက်သွားခဲ့တဲ့မင်ဇီဟာ လတ်တလောမှာတော့ အဖွဲ့လိုက် လှုပ်ရှားမှုတွေ လုပ်ဆောင်လာတာကို တွေ့မြင်ရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၀ ရက်မှာ မင်ဇီဟာ တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "Unnies"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် KBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ပြန်လည်ပေါ်ထွက်လာခဲ့ပါတယ်။

အဆိုပါတေးဂီတလှုပ်ရှားမှုဟာ မင်ဇီအနေနဲ့ ဝိုင်ဂျိုအန်တာတိန်းမန့်နဲ့လမ်းခွဲကာ 2NE1 ကနေ နှုတ်ထွက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်စတင်လာခဲ့တဲ့ သူ့ရဲ့တေးဂီတလှုပ်ရှားမှုလည်း ဖြစ်ပါတယ်။

ယခုလို အခြားသောတေးဂီတအဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေ စတင်လာခဲ့တဲ့ အပေါ် မင်ဇီက "ပရိသတ်တွေရဲ့ အော်ဟစ်အားပေးတဲ့ အသံတွေကို တကယ်ကို လွမ်းဆွတ်မိခဲ့တယ်။ တဖက်ကလည်း တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်မယ်ဆိုတဲ့အကြောင်းပြချက်နဲ့အတူ အဖွဲ့ကနေနှုတ်ထွက်လိုက်တဲ့ ကျွန်မအနေနဲ့ ယခုလို အခြားသောတေးဂီတအဖွဲ့နဲ့ ဆက်သွယ်ကာ အဖွဲ့လိုက်ဂီတ လှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်လာတဲ့အတွက် ပရိသတ်က ကိုယ့်ကို ဘယ်လိုမျိုး ထင်မြင်နေမလဲဆိုပြီး စိုးရိမ်မှုတွေလဲ ရှိနေပါတယ်။ ကျွန်မကတော့ ဒီလိုအဖွဲ့ဝင်သစ်တွေနဲ့ တွေ့ဆုံရတာ ကောင်းမွန်တယ်လို့ တော့ ထင်ပါတယ်"လို့ သူ့ရဲ့ခံစားချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မင်ဇီအနေနဲ့ တေးဂီတအဖွဲ့သစ်မှာ ပါဝင်လှုပ်ရှားတော့မှာ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ပထမဆုံးအကြိမ်တော့ မဟုတ်ခဲ့ပါဘူး။ သူဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲမှာလည်း သူ့အနေနဲ့ တေးဂီတအဖွဲ့သစ်ကို ရရှိခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးကြောင်းလည်း သိရပါတယ်။

နွေဦးအတွက်အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့ ဆူဇီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Miss A"မှ အဖွဲ့ဝင်တစ်ဦးလည်းဖြစ် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်တဲ့ သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးအဖြစ်လည်း ကျော်ကြားတဲ့ ဆူဇီဟာ လတ်တလောမှာ ထုတ်ဖော်ပြသလာခဲ့တဲ့ သူ့ရဲ့ဓာတ်ပုံတွေမှာတော့ နေကာမျက်မှန်ကိုဝတ်ဆင်ထားကာ လာမယ့် နွေဦးရာသီအတွက် အဆင်သင့်ဖြစ်နေတာကို တွေ့မြင်ခဲ့ရကြောင်း ဟန်စင်းနီးမားဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၀ရက်မှာ ဆူဇီက "Fall in Love"လို့အမည်ပေးထားတဲ့ သူ့ရဲ့ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ရာမှာတော့ နေကာမျက်မှန်တွေနဲ့အတူ လှပနေတဲ့ ဆူဇီရဲ့ပုံရိပ်တွေကို တွေ့မြင်ခဲ့ကြရပါတယ်။

တေးသံရှင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်လာခဲ့တဲ့ဆူဇီဟာ နောက်ပိုင်းမှာ သရုပ်ဆောင်မင်းသမီးတစ်ဦးအဖြစ် အောင်မြင်မှုတွေ ရလာခဲ့ပါတယ်။ ခေါင်းဆောင်မင်းသမီးအဖြစ် ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဆူဇီဟာ လတ်တလောမှာလည်း ရုပ်ရှင်သစ် "While You Were Sleeping"မှာ ဆပ်နဲ့တွဲဖက်ကာ အဓိကဇာတ်ဆောင် တောင်ကိုရီးယားရဲ့ ထိပ်တန်း မင်းသားတစ်ဦးဖြစ်တဲ့ လီဂျောင် ဆပ်နဲ့တွဲဖက်ကာ အဓိကဇာတ်ဆောင် တွေအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိကြောင်းလည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

တစ်နှစ်ဟူသောအချိန်ကို လဖွဲ့၊ ရက်ဖွဲ့၊ နာရီဖွဲ့၊ မိနစ်ဖွဲ့၊ စက္ကန့်ဖွဲ့လိုက်လျှင် ကိန်းဂဏန်းများ အများကြီး ပွားပွားလာပြီး အချိန်တွေအများကြီး အကြာကြီးဟု ထင်မှတ်ရသည်။ အလုပ်များ၊ တာဝန်များနှင့် အကြားအလပ်မရှိအောင် အလုပ်များသော သူများအတွက်မူ တစ်နှစ်ဟူသောအချိန်သည် ဘာမျှမကြာလိုက်၊ ဟိုလှည့်သည်လှည့်နှင့် ကုန်သွားသည်ဟု ထင်မိကြစမြဲဖြစ်သည်။ တကယ်တော့ ကြာသည်ဟုထင်ထင်၊ မြန်သည်ဟုထင်ထင် ရာသီစက်ဝန်းသည် အချိန်တန်လျှင် တစ်ပတ်လည်၍ ပြန်လာကြစမြဲပဲဖြစ်သည်။ ခုလည်း ဖေဖော်ဝါရီ ၁၄ ရက် တစ်ပတ်လည်၊ တစ်နှစ်လည်ခါနီးလာပါပြီ။ "Valentine Day ချစ်သူများနေ့" သည် လူငယ်လူရွယ် မိန်းကလေးငယ်များ၏ ဘဝတံခါးကို လာ၍ခေါက်ကြလေပြီ။

ဗယ်လင်တိုင်းပင်လယ် တဝဲလည်လည်

ခင်အေးမြင့် (မြန်မာစာ)

"ချစ်သူများနေ့"မရောက်မီ နှစ်လလောက်အလိုကတည်းကပင် ရောင်းတတ်၊ ဝယ်တတ်၊ အကွက်မြင်တတ်သူများက လှုပ်လှုပ်ရှားရှား ပြင်ဆင်နေခဲ့ကြသည်။ ဆယ်ကျော်သက်အရွယ်များ၏ ရင်ခုန်လှုပ်ရှားဆော့ကစားချင်နေသော အသည်းနှလုံးများကို ဖြည့်ဆည်းပေးမည့် ကြည်နူးစရာ အစီအစဉ်များကို စီစဉ်နှင့်ခဲ့ကြလေသည်။ ဗယ်လင်တိုင်းဒေးကို အကြောင်းပြုပြီး စီးပွားရှာဖို့၊ အမှတ်တရပစ္စည်းတွေ ရောင်းချဖို့ နိုင်ငံရပ်ခြားမှ တစ်တန်တက ပြန်လာကြသူများပင်ရှိသည်။

ချစ်သူနှစ်ဦး တူညီဝတ်ဆင်ရန်အတွက် ဆင်တူတီရှပ်များ၊ အပြန်အလှန် လက်ဆောင်ပေးရန်အတွက် အမှတ်တရ ကတ်ပြားများ၊ အရုပ်များ၊ ချောကလက်များ၊ ပန်းစည်းများ၊ နာရီများ၊ လက်စွပ်များ၊ ရင်ထိုးများစသော ချစ်စရာလက်ဆောင်ပစ္စည်း နုနုလှလှများစွာကိုလည်း ဒီဇိုင်းတွေ ထုတ်ကြ၊ ဖန်တီးကြ စီစဉ်ကြသည်။ စတိုးဆိုင်များ၊ စျေးရောင်းစျေးဝယ်စင်တာများတွင် ဗယ်လင်တိုင်း အမှတ်တရ လက်ဆောင်များ လှိုင်ဘောလယ်နေပါတော့သည်။

အချစ်သည် မျက်စိဖြင့် မြင်တွေ့နိုင်၊ နားဖြင့်ကြားနိုင်၊ လက်ဖြင့် ထိတွေ့ကိုင်တွယ်နိုင်သော ဒြပ်ရှိရုပ်ဝတ္ထုပစ္စည်းမဟုတ်သော်လည်း လူတို့၏ အသည်းနှလုံးတွင်း တစ်နေရာတွင် တကယ်ပင် တည်ရှိနေသော နူးညံ့သိမ်မွေ့လှပသည့် ရသခံစားမှုဖြစ်သည်။

ကြီးသူ၊ ရွယ်သူ၊ ငယ်သူမရွေး အချစ်ရှိကြသည်။ အရွယ်၊ အသက်၊ အခြေအနေ အလိုက် ရင့်ကျက်သောအချစ်၊ တည်ကြည်သောအချစ်၊ လှုပ်ခတ်သောအချစ်၊ အပြောင်းအလဲမြန်သောအချစ်၊ လွယ်ကူသောအချစ် စသည်ဖြင့် အမျိုးမျိုးကွဲပြားခြင်းသာရှိသည်။

စင်စစ်အားဖြင့် ကျွန်မတို့သည် မိဘအချစ်၊ သားသမီးအချစ်၊ မောင်နှမအချစ်၊ ဆွေမျိုးအချစ်၊ သူငယ်ချင်းအချစ်၊ သမီးရည်းစားအချစ်၊ ဇနီးမောင်နှံအချစ် စသော အချစ်အမျိုးမျိုးဖြင့် ကျွန်မတို့၏ ယဉ်ကျေးသော လူအဖွဲ့အစည်းကို တည်ဆောက်ထားခြင်းဖြစ်သည်။

ချစ်ခြင်းမေတ္တာဟူသည် နူးညံ့သိမ်မွေ့သည်။ နှစ်လိုကြည်နူးဖွယ်ရာဖြစ်သည်။ ဆွဲဆောင်နိုင်စွမ်းရှိသည်။ ဒုက္ခကို ရင်ဆိုင်သည်းခံနိုင်သော စွမ်းပကားကို ပေးစွမ်းသည်။ လူ့ဘဝတွင် နေပျော်အောင်၊ လူ့လောကကို နေပျော်အောင် ဖွဲ့နှောင်ပေးထားသည့် အင်အားကြီးမားသော သမုဒယရသ ကြိုးတစ်မျှင်ဖြစ်သည်။

"ချစ်သူများနေ့" သည် ချစ်သူများအတွက် အချစ်နေ့ ကြည်နူးလွမ်းမောဖွယ်ရာနေ့ဟု လက်ခံထားကြသောကြောင့် ချစ်သူစုံတွဲများက မရောက်ခင်ကတည်းက စိတ်ကူးတွေယဉ်ကြ၊ လက်ဆောင်ပစ္စည်းတွေ ဝယ်ကြ၊ ဘယ်လို လျှောက်လည်မည်ဟူသော အစီအစဉ်တွေဆွဲကြနှင့် ကြိုတင်ကြည်နူးနေကြသည်။ ထမင်းစားဖို့ ပူရန်လည်း မလို၊ မိသားစုတာဝန်ယူရန်လည်းမလို၊ လူကြီးလည်းမဖြစ်၊ ကလေးလည်း မဟုတ်တော့သော ယောကျ်ားလေး မိန်းကလေး ငယ်ငယ်ရွယ်ရွယ် လတ်လတ်များစွာအတွက် အချိန်ဖြုန်း၊ ငွေဖြုန်းပျော်မဆုံးသောနေ့ဖြစ်သည်။ သို့သော် ထိုနေ့သည် စိတ်လွတ်ကိုယ်လွတ် ဘဝကို လွှတ်ချဖို့ နတ်ကောင်းနတ်မြတ်များက ဖန်တီးပေးခဲ့သော နေ့လည်းမဟုတ်ပါချေ။

"ချစ်သူများနေ့" ဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားစရာကောင်းသော်လည်း စင်စစ်အားဖြင့် ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးကို ရောမစစ်ဘုရင်က အပြစ်ဒဏ်ပေးကွပ်မျက်ခံရခြင်း၏ နှစ်ပတ်လည်နေ့ဖြစ်သည်။

အေဒီသုံးရာစုတွင် ရောမစစ်ဘုရင် ကလောဒီးယပ်စ် (Chaudius) သည် နယ်ချဲ့စစ်ပွဲများစွာကို ဆင်နွှဲပြီး ကြီးကျယ်လှသော ရောမအင်ပါယာကို တည်ထောင်ခဲ့သည်။ အင်ပါယာအတွက် များစွာ စစ်တိုက်ရခြင်းကြောင့် အသေအပျောက်လည်းများလှသည်။ စစ်သည်အင်အားလည်း များစွာလိုအပ်သည်။ ရောမမြို့သား ယောကျ်ားများသည် စစ်တပ်၏သမီးက လာရောက်တွေ့ဆုံခဲ့သည်။ ကွပ်မျက်မခံရမီညတွင် ဗယ်လင်တိုင်းသည် ထောင်မှူးသမီးအတွက် စာတစ်စောင်ရေးခဲ့သည်။ စာတွင် Your Valentine (မင်းရဲ့ ဗယ်လင်တိုင်း)ဟု ရေးထိုးခဲ့သည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဗယ်လင်တိုင်းကို ကွပ်မျက်ခဲ့သည်။ ဤသို့ဖြင့် ဗယ်လင်တိုင်းသည် အချစ်၏ အာဇာနည်ဖြစ်လာခဲ့သည်။

ခရစ်ယာန်ဘာသာဝင် အင်္ဂလီကန်များက ဖေဖော်ဝါရီ ၁၄ ရက်ကို "စိန့်ဗယ်လင်တိုင်းပွဲတော်နေ့" "အချစ်ခံစားမှုနှင့် သက်ဆိုင်သောပွဲများနေ့" အဖြစ် ပြုလုပ်ကြသည်။

အနောက်နိုင်ငံများတွင်ပင် "ချစ်သူများနေ့" အထိမ်းအမှတ်များကို ယခင်က သိပ်မလုပ်ခဲ့ကြပါ။ နိုင်ငံတိုင်းတွင်လည်း မပြုလုပ်ခဲ့ကြ။ နောက်ပိုင်းနှစ်များကျမှသာ လူငယ်များ၏ စိတ်လှုပ်ရှားခြင်းကို အားပေးရင်း ဘဝပျက်ကြရခြင်းများ၊ သားဖျက်ချခြင်းများ သည် မကြားချင်၊ မမြင်ချင်၊ မသိချင်၍မရ။ ကြားနေ မြင်နေ သိနေရသော အနိဋ္ဌာန်ရုံ သတင်းများဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက် တစ်နေ့လုံး မြို့ကြီးများရှိ တည်းခိုခန်းများ၊ ဆင်ခြေဖုံး အရပ်များမှ ဟိုတယ်များတွင် အချိန်အားမရှိ၊ အခန်းအားမရှိ ကြိုတင်အခန်းဌားခြင်းများပင် ပြည့်နေသည်ဟု ကြားရသည်။

အခန်းကို နာရီပိုင်းငှားသော ဟိုတယ်တည်းခိုခန်းများ၊ မှတ်ပုံတင်မပါလာသော ဧည့်သည်စုံတွဲများအား ငှားခယူပြီး မှတ်ပုံတင်ငှားပေးသော ဧည့်ကြိုကောင်တာများ၊ ဆေးဝါးအမျိုးမျိုး၊ စိတ်ကြွဆေးအမျိုးမျိုး၊ မူးယစ်ဆေးအမျိုးမျိုးတို့သည် ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့လူမျိုး၊ ကျွန်မတို့ လူငယ်များအတွက် ခိုကိုးရာအရိပ်ကောင်းများ ဖြစ်ပါသလား. . .

ခေတ်၏ ဒီရေလှိုင်းလုံးကြီးတစ်ခုဖြစ်သော၊ တစ်နှစ်တစ်ခါဝဲလည်၍လာသော "Valentine Day ချစ်သူများနေ့" ကို ကျွန်မတို့ တားဆီးပိတ်ပင်၍ မရနိုင်ပါ။ ဖျက်ပစ်၍လည်း မရနိုင်တော့ပါ။ သို့ရာတွင် ဤနေ့ ဤရက်ကို ကြည်နူးပျော်ရွှင် ဖြူစင်စွာသာလျှင် ဖြတ်သန်းနိုင်ရန် အထူးလိုအပ်သည်။

"ချစ်သူများနေ့" ကို ကျွန်မတို့ တားဆီးပိတ်ပင်ခြင်းသည် ကိုယ်ပိုင်ဆန်းကြယ်ခြင်းများ ဖြစ်ပေါ်ပေါက်ရန် ခက်လာသည်။ ကလောဒီးယပ်စ်က "မိသားစုသံယောဇဉ်ကြောင့် တပ်ထဲသို့ မဝင်လိုခြင်းဖြစ်မည်။ အိမ်ထောင်မပြုရလျှင် စစ်တပ်ထဲ ဝင်ကြလိမ့်မည်" ဟု ယူဆပြီး လူငယ်များအား အိမ်ထောင်မပြုရဟု သဘာဝတရားကို လွန်ဆန်သောအမိန့် ထုတ်ပြန်ခဲ့သည်။

ချစ်ခြင်း၊ ကြိုက်ခြင်း၊ အိမ်ထောင်ပြုခြင်းသည် လောကသဘာဝ၊ လူ့သဘာဝကိစ္စ ဖြစ်သည်။ လုံးလုံးလျားလျား တားဆီးပိတ်ပင်၍ရသော ကိစ္စရပ်များ မဟုတ်ပါချေ။

သို့နှင့် စိန့်ဗယ်လင်တိုင်း (Saint Valentine) အမည်ရှိသော ရောမမှ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးသည် လက်ထပ်လိုသော လူလင်ပျို၊ လုံမပျိုများကို သီးသန့်အခန်းကျဉ်းလေး တစ်ခုထဲတွင် လျှို့ဝှက်လက်ထပ်ပေးခဲ့သည်။ ဤသတင်းများ ထွက်လာသောအခါ ကလောဒီးယပ်စ်သည် ဗယ်လင်တိုင်းအားဖမ်း၍ သေဒဏ်အမိန့် ချမှတ်ခဲ့သည်။ ထောင်ထဲ၌ အချုပ်အနှောင် ခံနေရစဉ်တွင် ဘုန်းတော်ကြီးအား ထောင်မှူးလွှတ်ပေးရင်းဖြင့် ပြန့်ပွားလာသော ခေတ်သစ်ယဉ်ကျေးမှုရောဂါဖြစ်သည်။ အနောက်နိုင်ငံများကို လိုက်တုမှ ခေတ်မီသည်ဟု လက်ခံယူဆကြသော အရှေ့နိုင်ငံသားများသည် အနောက်ကို လိုက်တုကြသည်။ ကျွန်မတို့ မြန်မာများကမူ ဤသို့သော ပေါ်ပင်ရောဂါများကို အတုယူရာတွင် အခြားနိုင်ငံများကို ကျော်တက်သွားပြီလားဟု ထင်ရလောက်အောင်ပင် အကဲလွန်ကြသည်။

ကျွန်မတို့နိုင်ငံ၏ ချစ်သူများနေ့ပုံရိပ်သည် တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ အရှိန်မြင့် ကျယ်ပြန့်ဆိုးရွားလာနေသည်။

သင့်မြတ်လျော်ကန်သော ပုံရိပ်များလည်း လုံးဝနီးပါးမရှိတော့ပါပြီ။

"ချစ်သူများနေ့" တွင် တွဲစရာချစ်သူမရှိလျှင် ခေတ်မမီ၊ ဒီတ်အောက်သည်ဆိုပြီး ကျားကျားမမ နီးရာချစ်သူရှာကြ၊ တွေ့ကရာ လူနဲ့ ကောက်တွဲကြ၊ သွားကြ၊လာကြ၊ ဘီယာတွေ ဝိုင်တွေသောက်ကြ၊ အတူတူနေကြသည်။ လွန်လွန်ကဲကဲတွေဖြစ်ကြပြီး မဖုံးနိုင်မဖိနိုင် ဖြစ်ကြရခြင်းများ၊ ယောကျ်ားလေးများက တာဝန်မယူ ရှောင်ထွက်ကြခြင်းများကြောင့် "ကိုယ်ဝန်ဆောင်ပြဿနာမပေါ်ပေါက်အောင် လိင်ပညာပေးရမည်" ဟူသော ခေတ်ပေါ် ပေါ်ပင်အယူအဆသည်ပင်လျှင် အိမ်ထောင်သည်လည်းမဟုတ်၊ ချစ်သူရည်းစားပင် မည်မည်ရရမဟုတ်သော လူငယ်များအတွက် ကိုယ်ကျင့်တရားစောင့်ထိန်းသော၊ ဂုဏ်သိက္ခာရှိသော လူသားတစ်ယောက်၏ ပုံရိပ်ကို ဖန်တီးပေးပါသလား. . .

အကာအကွယ်များကို အသုံးပြုကြသောကြောင့် သားသမီးမရခြားသော်လည်း လက်မထပ်ဖြစ်ကြသော၊ လက်မထပ်ကြရသော လွန်လွန်ကဲကဲ သမီးရည်းစားစုံတွဲ အကွဲအပြားများစွာ၏ ဘဝပုံရိပ်၊ စိတ်ပုံရိပ်များသည် ဘဝခရီးတစ်လျှောက် ကြည်လင်ချမ်းမြေ့နိုင်ပါမည်လား. . .

အကြောင်းသိသူတို့၏ မျက်စိအောက်တွင် မလုံမခြုံဖြစ်ရသောဘဝ၊ လူတကာ၏ တံတွေးခွက်တွင် ပက်လက်မှောက်ခုံ စီးမျောကြရသော ဘဝများသည် ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အနာဂတ် အိမ်ထောင်ရှင် ဘဝအတွက်၊ ကိုယ့်သားသမီးများအတွက် ဂုဏ်သိက္ခာရပ်များ အဘယ်မျှလျှင် ထိခိုက်နစ်နာဆုံးရှုံးရမည်ထင်ပါသနည်း။

ကျွန်မတို့သည် ကျွန်မတို့၏ မြန်မာ့လူ့အဖွဲ့အစည်းကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

(၁) ချစ်သူများသည် မရေရာသော အနာဂတ်ကို ထည့်မတွက်ဘဲ မဆင်မခြင်မနေရပါ။ အထူးသဖြင့် ဆိတ်ကွယ်ရာအရပ်တွင် နှစ်ယောက်တည်း လုံးဝမနေရပါ။

(၂) တက္ကသိုလ်များအနီးအနားတွင်ပင် အလုံတဲများဆောက်ပြီး စီးပွားရှာရက်သည့် လုပ်ငန်းရှင်များကလည်း သမီးချင်း၊ နှမချင်းကိုယ်ချင်းစာနာပြီး ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ်နေ၍ရသော အခြေအနေမျိုးများကို လုံးဝ မဖန်တီးပေးသင့်ပါ။

(၃) ဒေသဆိုင်ရာ တာဝန်ရှိသူများကလည်း ဤသို့သော လုပ်ငန်းရှင်များကို တားမြစ်အရေးယူပေးကြပါ။ မျိုးဆက်သစ်လေးများ၏ လမ်းလွဲလိုက်မှုများကို လည်း အမြင်ကျယ်ကျယ်ဖြင့် တားဆီးကာကွယ်စောင့်ရှောက်ပေးကြပါ။

(၄) မိဘမောင်နှမများ၊ ဒွေးတော်မိကြီးများ၊ ဆရာ ဆရာမများကလည်း သားသမီးများ၊ တူ၊ တူမများ၊ တပည့် သားမြေးများကို ဆုံးမသွန်သင်ကြပါ။ အမြဲမပြတ် မျက်လုံးဒေါက်ထောက်ကြည့်နေကြပါ။

(၅) ဤကိစ္စရပ်များ၏ အဓိကဇာတ်ဆောင်ဖြစ်သော အမျိုးသားများကလည်း အခွင့်အရေးကို ရတိုင်းလည်းမယူ၊ မရရအောင်လည်း မယူကြဘဲ အမျိုးသမီးလေးများ၏ဘဝကို ဆွဲမနှစ်မိလေအောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြပါ။

(၆) ဗယ်လင်တိုင်းဒေးနီးလျှင် ထုတ်ဝေကြသော စာစောင်များစွာသည်လည်း လူငယ်များအား လမ်းမှားရောက်အောင် မြှောက်ပင့်ပေး၊ လမ်းခင်းပေး၊ နှပ်ကြောင်းပေးခြင်းများ၊ မတော်တရော်တွေ့၊ မထော်မနန်းတွေ လျှောက်ရေးခြင်းများ မပြုလုပ်သင့်ကြပါ။

ခေတ်၏ ဒီရေလှိုင်းလုံးကြီးတစ်ခုဖြစ်သော၊ တစ်နှစ်တစ်ခါဝဲလည်၍လာသော "Valentine Day ချစ်သူများနေ့" ကို ကျွန်မတို့ တားဆီးပိတ်ပင်၍ မရနိုင်ပါ။ ဖျက်ပစ်၍လည်း မရနိုင်တော့ပါ။ သို့ရာတွင် ဤနေ့ ဤရက်ကို ကြည်နူးပျော်ရွှင် ဖြူစင်စွာသာလျှင် ဖြတ်သန်းနိုင်ရန် အထူးလိုအပ်သည်။

ကျွန်မတို့သည် ကျင့်ဝတ်စောင့်ထိန်းသော၊ ဂုဏ်သိက္ခာရှိသော မြန်မာနိုင်ငံ မြန်မာလူမျိုးများ ဖြစ်ကြရမည် ဖြစ်သည်။ သို့ပါ၍ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကျွန်မတို့ နိုင်ငံနှင့် လူမျိုး၏ ပုံရိပ်သွင်ပြင်ကို ဖြူစင်ဝင်းပနိုင်ကြစေသူများ၏ နေရာမှ ဝိုင်းဝန်းစွမ်းဆောင်ကြပါစို့ဟု မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ ။

❀❀❀

ပြည်တွင်းရေးရာ

ပြည်တွင်းပြည်ပမှ စိတ်ဝင်စားသည့် မြန်မာ့အနုပညာ သစ်သားပန်းပုပြိုင်ပွဲ

ခဲ့အောင်ထွန်း

armfeyfykdif twufydif0ifvpf0D, Sifydk;m;onftarhD[k trnfay;xm;onfjefykuf&mukwf4pOf

pdwf&ufydkif;jefykdif twufydif0ifvpf0D, Sifydk;m;onftEkef0;,Ekef&k;m vwf&Sm;u ,ÿ[k trnfay;xm;onfjefykuf&mukwf4pOf

မရောက်တာကြာပြီဖြစ်သည့် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ သမဝါယမ စီးပွားရေးဗဟိုအဆောက်အအုံ B ဆောင် ပထမထပ်၌ ဖွင့်လှစ်သော သမဝါယမအရောင်းဆိုင်ဘက်သို့ ခြေဦးလှည့်မိခဲ့သည်။

ရောက်သည်နှင့်အမှတ်တရ ပစ္စည်းအရောင်းဆိုင်မှ သူငယ်ချင်းဖြစ်သူ ဦးသန်းဝင်းနှင့် တွေ့ဆုံသဖြင့် "ဂျပန်ကလာရောက်တဲ့ မိတ်ဆွေလေးဦးအတွက် လက်ဆောင်ပစ္စည်းလာဝယ်တာ ဘာဝယ်ပေးရင်ကောင်းမလဲ ငွေကတော့ သိပ်အကုန်အကျ မများချင်ဘူး။ ဒီနိုင်ငံအတွက် အမှတ်တရဖြစ်ရင် အကောင်းဆုံးပဲ" ဆိုတော့ သူငယ်ချင်းက "ဒါဆိုမြန်မာ့ လက်မှုထဲက ပန်းချီကားတွေရယ်၊ ပန်းပုတွေရယ်လိုက် ကြည့်ပါလား" အကြံပေးသဖြင့် အရောင်းဆိုင်များသို့ လှည့်ပတ်လေ့လာရင်း တန်ဖိုးမနည်းမများ ပန်ချီကားလေးချပ်ကို ဝယ်ယူခဲ့ပါတယ်။

ပန်ချီကားကို ပါဆယ်ထုပ်ပိုးနေစဉ် သူငယ်ချင်းက "ဒို့ဆီမှာ မကြာခင်သစ်သားပန်းပုပြိုင်ပွဲ ကျင်းပတော့မယ်၊ ပြိုင်ပွဲဝင်ပန်းပုတွေရောက်နေပြီ လေ့လာချင်ရင်လေ့လာသွားပါလား"ဟု ဆိုပြန်ရာ ကိုယ်တိုင်လည်း အနုပညာဝါသနာပါသဖြင့် ၎င်းခေါ်ဆောင်ရာ အဆောင်ဘက်လိုက်သွားခဲ့သည်။

ဗြိုင်ပွဲအကြောင်းရှင်းပြ

အဆောင်အတွင်းရောက်တော့ စာရေးသူမနေနိုင်တော့ပါ။ ပါလာသည့် ကင်မရာကိုထုတ်ပြီး ခင်းကျင်းထားသော ပန်းပုမျိုးစုံကို မှတ်တမ်းတင်နေစဉ် ဦးသန်းဝင်းကို တစ်ဖက်မှ လျှောက်လာသည့် အမျိုးသားကြီး တစ်ဦးက ဘယ်ကလည်း ဓာတ်ပုံရိုက်နေတာ"ဆိုပြီး မေးတော့ ဦးသန်းဝင်းက "သူငယ်ချင်းပါ ပြိုင်ပွဲဝင်ပန်းပုတွေကို လေ့လာဖို့ ကျွန်တော်ခေါ်လာတာပါ" လို့ဆိုတော့ ထိုအမျိုးသားကြီးက ဝါသနာပါရင် ဒီပြိုင်ပွဲအကြောင်းစုံကို ကျွန်တော် ရှင်းပြပါဦးမယ်။ ဓာတ်ပုံရိုက်ပြီးရင် ကျွန်တော်နဲ့ ခဏလောက် စကားပြောရအောင်ဆိုတာနဲ့ စာရေးသူလည်း ဓာတ်ပုံစိတ်ကြိုက်ရိုက်ပြီး ထိုအမျိုးသားနှင့် တွေ့ဆုံမေးမြန်းစကားပြောဖြစ်ခဲ့သည်။

ၔင်းသည် ဆဋ္ဌမအကြိမ်မြန်မာ့အနုပညာသစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရေးအဖွဲ့၏ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီအတွင်းရေးမှူး ဦးဌေးအောင်ကြည်ဖြစ်ကြောင်း ဦးစွာမိတ်ဆက်စကားပြောကြသည်။

နိုင်ငံတကာအဆင့်မီ

ယင်းနောက် ဦးဌေးအောင်ကြည်က ပြိုင်ပွဲ၏ အကြောင်းအရာများကိုရှင်းလင်းပြောကြားသည်မှာ "သမဝါယမ စီးပွားရေးဗဟိုဌာနတွင် သစ်သားပန်းပုပြိုင်ပွဲ၊ ပြပွဲနဲ့ အရောင်းပွဲ တော်များကို နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ အကြောင်းအမျိုးမျိုးကြောင့် မကျင်းပဖြစ်ခဲ့ပါဘူး။ အခု ၂၀၁၆ ခုနှစ်အတွက်ကိုတော့ ထူးခြားစွာ သစ်သားပန်းပုပြိုင်ပွဲ ကျင်းပဖို့အတွက်နဲ့ သမဝါယမ အမှတ်တရပစ္စည်းအရောင်းဆိုင်များ အတွက် အရောင်းမြှင့်တင်ရေးကို တစ်ပေါင်းတည်း ကျင်းပနိုင်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်နေပါတယ်။ မကြာခင်ကျင်းပမယ့် ၂၀၁۶ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာ့အနုပညာ သစ်သားပန်းပုပြိုင်ပွဲနဲ့ သမဝါယမ အမှတ်တရပစ္စည်း အရောင်းဆိုင်များအတွက် အရောင်းမြှင့်တင်ရေးကို မြန်မာ့အနုပညာ သစ်သား ပန်းပုထုလုပ်မှု လုပ်ငန်းမြှင့်တင်ရန်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပန်းပုပညာရှင်များရဲ့ တစ်ဦးချင်းလက်ရာများကို နိုင်ငံတကာ အဆင့်မီလက်ရာများ ဖြစ်လာစေရန်၊ သမဝါယမဌာန အဆောက်အအုံ B ဆောင်ပထမထပ်၌ ဖွင့်လှစ်ထားတဲ့ သမဝါယမ အမှတ်တရပစ္စည်း အရောင်းဆိုင်မှ မြန်မာ့ရတနာအနုပညာလက်ရာ ပစ္စည်းများကို ပြည်တွင်းက ပြည်သူများနဲ့ ပြည်ပမှ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်စေရန်နဲ့ သမဝါယမ အမှတ်တရပစ္စည်း အရောင်းဆိုင်မှ ပစ္စည်းများကို ပြည်ပခရီးသွားဧည့်သည်များအား ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိစေရန် ရည်ရွယ်ချက်များနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။

ပြိုင်ပွဲနှစ်မျိုးယှဉ်ပြိုင်

"သစ်သားပန်းပုပြိုင်ပွဲနဲ့ ပတ်သက်လို့ကတော့ ပြိုင်ပွဲနှစ်မျိုးနဲ့ ယှဉ်ပြိုင်နိုင်ပါတယ်။ စိတ်ကြိုက်သစ်သား ပန်းပုပြိုင်ပွဲ၊ မော်ဒန်သစ်သားပန်းပုပြိုင်ပွဲတို့ဖြစ်ပြီး နှစ်မျိုးစလုံး ပြိုင်ပွဲအတွက် ပထမ ကျပ်သိန်း ၅၀၊ ဒုတိယ ကျပ်သိန်း ၃၀၊ တတိယ ကျပ်သိန်း ၂၀ ဖြစ်ကာ အထူးဆုများကိုတော့ ကျပ် ငါးသိန်းချီးမြှင့်သွားမှာပါ။ ထပ်ဆင့်ပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူတွေကို ရွှေငါးမူးသားနဲ့ ပြုလုပ်ထားတဲ့ အထိမ်းအမှတ်တံဆိပ် ချီးမြှင့်သွားဖို့ရှိပါတယ်။ အခု ပန်းပုပြိုင်ပွဲကို ပြိုင်ပွဲဝင်ဦးရေ ၁၇۶ ဦး ယှဉ်ပြိုင်ထားပါတယ်။ ပြိုင်ပွဲဖြစ်မြောက်ဖို့အတွက် ဗဟိုသမဝါယမအသင်းလီမိတက်နဲ့ ကေအမ်အေဖောင်ဒေးရှင်းတို့က ပူးပေါင်းစီစဉ်ကျင်းပတာပါ။ ပြိုင်ပွဲကျင်းပမဲ့နေရာနဲ့ ရက်ကတော့ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ သမဝါယမစီးပွားရေးဗဟိုဌာန အဆောက်အအုံတွင် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီမှ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီအထိ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသွားသည်။

သွားရောက်လေ့လာသင့်

ကျင်းပမည့်ရက်တွင် ဆုရရှိသူများကို ကြေညာပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လက်ရာတို့မှ ဆုရရှိခဲ့သည့် ပန်းပုလက်ရာတစ်ခုချင်း၏ ရွေးချယ်အကဲဖြတ်မှုများအား ဗီဒီယိုဆလိုက်ဖြင့် ပြသရှင်းလင်းမည်ဖြစ်သဖြင့် ပြည်သူများ အနုပညာတန်ဖိုးကို လေ့လာအကဲခတ်နိုင်မည်ဖြစ်သည်။ သမဝါယမအမှတ်တရပစ္စည်း အရောင်းဆိုင် တစ်ဆိုင်ချင်းမှာလည်း စျေးနှုန်းလျှော့ရောင်းချပေးမည်ဖြစ်ရာ ကိုယ်ကြိုက်နှစ်သက်သည့် အမှတ်တရပစ္စည်း ဝယ်ယူနိုင်ရန် အချိန်ကောင်းဖြစ်သဖြင့် သွားရောက်လေ့လာသင့်သည့် အပြင် ပွဲတော်ကျင်းပစဉ်ကာလ တွင်လည်း လာရောက်ကြသည့် ပြည်ပဧည့်သည်များနှင့် ပြည်တွင်းမှ ပြည်သူများကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်းကို ကြားသိသမျှ သတင်းစကားပါးလိုက်ပါသည်။

Duwun Food Carnival 2017 ကို မတ် ၂۶ ရက်နှင့် ၂၇ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အစားအသောက်ကောင်းကြိုက်သူတို့အတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပမည့် Duwun အစားအသောက်ပွဲတော် (Duwun Food Carnival 2017)ကို မတ်လ ၂۶ ရက်နှင့် ၂၇ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်ဟု သိရသည်။

အဆိုပါပွဲတော်ကြီးတွင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ရဲလေး၊ ဂျိုကာ၊ ဇဲပြည့်၊ ဖြိုးပြည့်စုံ၊ ဝိုင်းလေး၊ ခင်စုစုနိုင်တို့၏ သီဆိုဖျော်ဖြေမှုများ၊ နာမည်ကျော်အကအဖွဲ့(Project K)၏ ဆန်းပြားသောကကွက်များ၊ ကလေးငယ်များ၏ Carnival Walk Performance များ၊ ထူးခြားဆန်းပြားသည့် အစီအစဉ်တင်ဆက်မှုများနှင့် တစ်မူထူးခြားစွာ တင်ဆက်သွားမည့်အပြင် အဖွဲ့လိုက် ပျော်ပျော်ရွှင်ရွှင် ဟင်းလျာအချက်အပြုတ်ပြိုင်ပွဲ (Group Cooking Contest)၊ အစားအသောက်ဆိုင်ရာ အချက်အလက်များအကြောင်း ဆွေးနွေးဟောပြောပွဲ(The Food Talk) အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး လှပသောအပြင်အဆင်များဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

မိုမို

စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တာမွေ ဖေဖော်ဝါရီ ၁၂

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအား ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ကကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်လှလှမြင့်က စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ တာမွေမြို့နယ် ၁၅၄ လမ်းအားမာန်သစ်စာကြည့်တိုက် (Tech Age Girls)အဖွဲ့မှ ဒေါ်ခင်လပြည့်ဝန်းက ၂၁ ရာစု စာကြည့်တိုက်မှူးများ အရည်အသွေးမြင့်မားရေး၊ အင်တာနက်နှင့် Google အသုံးပြုနည်းများ၊ Power Point အသုံးပြုနည်းများနှင့် တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ နည်းပညာအသုံးပြုမှုများ ပြန့်ပွားစေရေးအတွက် ရှင်းလင်းပြောကြားဆွေးနွေးသည်။

စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရာတွင် ကျောင်းစာကြည့်တိုက်များအား ဝန်ဆောင်မှုတိုးမြှင့်ရန်၊ မိဘပြည်သူနှင့် ကျောင်းသား ကျောင်းသူများ၏ စာဖတ်ရှိန်မြှင့်တင်ရန်၊ စာကြည့်တိုက်များ၏တိုးတက်မှုအခွင့်အလမ်းများအား ရှာဖွေဖော်ထုတ်ကြစေရန်၊ အနာဂတ်လူငယ်များအား စာကြည့်တိုက်များမှ တစ်ဆင့် ပျိုးထောင်ပေးနိုင်ရေး၊ ရပ်ကွက်များအလိုက် စာကြည့်တိုက်များ ဖော်ဆောင်ပေးနိုင်ရေး၊ စာပေသမားများနှင့် စိတ်ပါဝင်စားသူများအား ပူးပေါင်းဆောင်ရွက်ခွင့် အခွင့်အလမ်းများပေးရန်၊ စာကြည့်တိုက်မှူးများ၏ ကြိုးပမ်းအားထုတ်မှု အရှိန်အဟုန်မြှင့်တင်ရန် စသည့်အချက်များ ဆောင်ရွက်ကြရန်လိုအပ်ကြောင်းသိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်း၊ အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ခင်မမ၊ မြို့နယ်ဦးစီးမှူး ဒေါ်လှလှမြင့်နှင့်ဝန်ထမ်းများ၊ ကျောင်းစာကြည့်တိုက် တာဝန်ခံဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (မောင်မောင်)

ပြည်ထောင်စု ငြိမ်းချမ်းရေးနှစ် (၂၀၁၇)
အထိမ်းအမှတ်

ပြည်ထောင်စု ငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် "ငြိမ်းချမ်းရေး စည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲ"နှင့် "ငြိမ်းချမ်းရေး ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းပွဲ" အား အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

နေ့ရက် – ၁၃.၂.၂၀၁၇ (တနလာနေ့)
အချိန် – ညနေ(၅)နာရီမှ ည (၁၁)နာရီအထိ
နေရာ – အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၂)၊ နေပြည်တော်

DW DIAMOND WALL CO.,LTD

အခမ်းအနားကျင်းပရေးကော်မတီ
ဆက်သွယ်ရန် – ၀၉ ၄၃၀ဖခ၄၃၀
၀၉ ၄၄၂၁၂၀၂၀

လားရိုး – မန္တလေးအထက်မြန်မာပြည်တစ်ဝန်းတွင်ငအောင်မြင်ငနှင်းသော "လူတကာစွဲမက်တဲ့ဇွဲထက်" စိန်ရွှေရတနာဆိုင်ကြီး၏သတင်းကောင်း.....

လူတကာစွဲမက်တဲ့
ဇွဲထက် စိန်ရွှေရတနာဆိုင်
ဇွဲထက်စိန်ရွှေရတနာဆိုင်ကြီး၏ဆိုင် အမှတ်(၅)ကို
မဟာဗန္ဓုလလမ်း(၂၂×၂၃)လမ်းကြား၊မောင်ခိုင်လမ်းထောင့် ဂန်ဂုန်မြို့တွင်

- စိန်ထည်ပစ္စည်းဆိုလျှင် ပြန်လဲ(3%)၊ ပြန်သွင်း(6%)....
(အလျှော့သီးသန့်မန္တတ်ပါ)
- ပလက်တီနမ်ဆိုလျှင် (White Gold, 750 18K)တစ်မျိုးတည်းသာသုံးပြီး ပြန်လဲ(10%) ၊ ပြန်သွင်း(15%)
- ရွှေဆိုလျှင် အရည်အသွေးပြည့်မှီပြီး ရောင်းဈေး၊ဂယ်ဈေးမခွာဘဲ
အလျှော့တွက်ယူပါက လက်ခံမယူပါ။ လက်ခံယူပါက အလျှော့တွက်မယူပါ။

၂၀၁၇ခုနှစ်မတ်လ(၉)ရက်တွင် စိန်၊ရွှေ၊ပလက်တီနမ် ရတနာပစ္စည်းအမျိုးပေါင်းများစွာပါဝင်သော ဗလာမပါကံစမ်းမဲ အစီအစဉ်ဖြင့် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိန်ရွှေရတနာချစ်သူကျေးဇူးရှင် မိဘပြည်သူများသို့ သတင်းကောင်းပါးလိုက်ပါသည်။

ဆိုင်(၁) -မြို့မရော၊ လားရိုးမြို့။ 082-26954 ဆိုင်(၂) -ဒိုင်းမွန်းပလာဇာမြေညီထပ်၊ မန္တလေးမြို့။ 09-6701126 ဆိုင်(၃)-လမ်း၃၀ နှင့်ဧဂလမ်းထောင့်၊ မန္တလေးမြို့။ 02-68126 ဆိုင်(၄) -ရင့်လမ်း၊ ၂၉×၃၁လမ်းကြား၊ မန္တလေးမြို့။ 09-402676687

Mega Ace

ပွဲချိန် - 10 : 00 AM
12 : 30 PM
3 : 30 PM
6 : 30 PM
9 : 30 PM

10.2.2017 ရက်နေ့မှစ၍ Mega Ace Cineplex ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည့်ဇာတ်ကားများ

အမြန်ငှားလိုသည် (GLGD Agency)
၁။Pyay Gardenresidence ၊Pearl၊Diamond ၊GEMS၊ Golden City ကွန်ဒိုများ ရှိအခန်းများအမြန်ငှားလိုသည်
၂။ရန်ကင်း၊တ/ဥက္ကလာ၊မရန်းကုန်းမြို့နယ်များတွင်နိုင်ငံခြားသားနေထိုင်ရန် 3RCလုံးချင်းအမြန်ငှားလိုပါသည်
၃။မင်္ဂလာဒုံ၊ရွှေပြည်သာစက်မှုဇုန်တွင်မြေ(10000sqft) ဂိုဒေါင်(8000sqft)အမြန်ငှားလိုသည့်နိုင်ငံခြားသားဧည့်သည်များရှိနေပါသဖြင့်ပိုင်ရှင်များတိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ Ph:09799541265/09263202240

MMRD

မြန်မာ့ဆောက်လုပ်ရေးလမ်းညွှန် သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်

MYANMAR BUILDERS GUIDE

Print 2017-18
www.buildersguide.com.mm
https://www.facebook.com/mmbuildersguide

၂၀၁၇ အတွက် ကြော်ငြာများထည့်သွင်းလိုပါက
YGN Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com
MDY Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မင်္ဂလာဧည့်ခံပွဲအတွက် ကျေးဇူးတင်လွှာ

သြစတြေးလျှနိုင်ငံ ဆစ်ဒနီမြို့နေ
Danny Quah နှင့် Jennie Quah တို့၏သားကြီး
Eugene Quah
LLB/B.Sc (Psychology), UNSW
Chief Executive Officer, EDULINK

နှင့်

ရန်ကုန်မြို့နေ
ဦးဝင်းထိန် နှင့် ဒေါ်သိန်းမြင့်ကြည်တို့၏ သမီးထွေး
မချစ်စုဝင်းထိန်
M.A., University of Melbourne
Gender Specialist (Mekong Business Initiative-Asian Development Bank)

တို့၏၂၄.၁၂.၂၀၁၆ နေ့ ညနေ၅:၃၀ တွင် Novotel Yangon Max ဟိုတယ်၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာ အခမ်း အနားသို့ မင်္ဂလာအမှာစကားရိုက်မြင့်၍ဆုပွန့်ကောင်းတောင်းပေးပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အားလည်းကောင်း၊ အမျိုးသားပြီးမိုက်ရေးမဟာဗျူဟာ နာယကကြီး ဦးဘင်ဦးနှင့်ဒေါ်ကင်တာဒေါ်တင်ထိုးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပါယန်းကိုးများ ဆင်မြန်းပေးပါသော Mr. John Hancock (AO) နှင့် ဇနီး Sunisa Hancock တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်များ ရိုက်မြင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဂန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ် တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်လာကြသော ပြည်ထောင်စု၊နယ်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ပန်ကြီးချုပ်များနှင့် မိသားစုများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ ဌာနဆိုင်ရာအသီးသီး နယ်ပယ်အသီးသီးနှင့် ကုမ္ပဏီ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်း အနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးညီးအားလည်းကောင်း၊ မင်္ဂလာဆောင်ဟီးခတ်ပေးသော ဦးဟင်းကျော်နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် ဒေါ်စိပ်ယိုမိုအားလည်းကောင်း၊ Orchestra ဖြင့်ဖျော်ဖြေဟီးခတ်ပေးသော စီရာမိုရ်နှင့်အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းကြိုပေးပါသော Calais Norton, မင်္ဂလာပန်းရည်းကိုင်များဖြစ်သော မခမ်းဌာနီနှင့် မအိမ်သုရတို့ကျော်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ခန်း ကိုင်အဖြစ် မခင်ချမ်းမြေနန့် နှင့် မင်္ဂလာအောင်စံပါယ်ပန်းကိုးပန်းကိုင်အဖြစ် မမေဟာန်သီထက်အားလည်းကောင်း၊ မင်္ဂလာ သတို့သားအရံ များဖြစ်ကြသော ဒေါက်တာအေးခန့်အောင်၊ ကိုချမ်းပြိုးဝ၊ ကိုထူးအောင်လင်း၊ ဥာဏ်လင်းအောင်နှင့် မင်္ဂလာသတို့သမီးအရံ များဖြစ်ကြသော Aileen Quah, Meili Quah, ဒေါက်တာ သက်ဆွေနွယ်၊ မသက်ပေနွယ်၊ သတို့သား သတို့သမီး မင်္ဂလာဝတ်စုံနှင့် ဗိတ်ကပ်ဆင်မြန်းပေးသော မေဦးနှင့် အဖွဲ့အားလည်းကောင်း၊ ပန်းကြို၊ ပန်းစည်းကိုင်သမီးလေးများ၊ သတို့သား၊ သတို့သမီးအရံ နှင့်လက်စွပ်၊ စံပါယ်ပန်းကိုင်များအတွက် ဝတ်စုံဆင်မြန်းပေးသော မခင်လေးငယ်အားလည်းကောင်း၊ မင်္ဂလာပိုးထည်များနှင့် ပိတ်စများကို စီစဉ်ပေးပါသော သီဂီရွှေပါဒိုး ထည်တိုက်၊ မင်္ဂလာသင်ပန်းများ မေတ္တာနှင့် ဆင်မြန်းပေးပါသော မတင်တင်ပင်း အားလည်းကောင်း၊ လက်ဝတ်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးသော She Shines Gems and Jewelery အားလည်းကောင်း၊ မင်္ဂလာပွဲအတွက် ပန်းအလှပြင်ဆင်မြန်းပေးပါသော မသက်ထက်လွင် (His & Hers bridal boutique and wedding planning service) အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗွီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုရဲထွဋ်နှင့် ကိုနိုင်လင်း ၊ကိုပိုးဇော်သိန်း (ဘီလား/ဘိုဘို) အားလည်းကောင်း၊ Novotel Yangon Max မှ အစားအသောက်နှင့် အစစဉ်ကူညီ ပံ့ပိုးပေးပါသော management team နှင့် ပန်ထမ်းများ၊ Pre wedding ဓာတ်ပုံများမေတ္တာဖြင့် ရိုက်ကူးပေးသော ကိုထက်အောင်စံနှင့် မအေးအားမန်အားလည်းကောင်း၊ Pre-wedding ရိုက်ကူးရေး အတွက် ကူညီပေးသော လျိုင်ကော်မ ဗိတ်ဆွေများ ဧည့်ခံပွဲမတိုင်မီ ပြသော ဗွီဒီယိုပြကွက်အတွက် တေးဂီတစန်တီး ပေးပါသော ကိုရဲကြီး နှင့် ကိုတိုဘိုကျော် အားလည်းကောင်း၊ ဧည့်ကြို အဖြစ်မေတ္တာဖြင့်တာပန်ယူပေးပါသော မိတ်ဆွေများ၊ မင်္ဂလာဖိတ်စာ Y-Collection အား လည်းကောင်း၊ မင်္ဂလာလက်ဆောင်ကျောက်သင်ပန်းများကို မေတ္တာဖြင့် ထုပ်ပိုးပေးသော Fragrance Floral Service၊ မင်္ဂလာ ဖိတ်စာများနှင့် မင်္ဂလာလက်ဖွဲ့များကို မေတ္တာဖြင့် စနစ်တကျ သယ်ယူပို့ဆောင်ပေးသော Loihein Co., Ltd မှအဖွဲ့သားများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ကဏ္ဍအသီးသီးမှ အစစအရာရာ အားတက်သရော ကူညီပံ့ပိုးပေးပါသော သူငယ်ချင်း ဖိတ်ဆွေများ နှစ်ဖက်မိဘများနှင့် မိသားစုများကို ကျေးဇူးအထူးတင်ရှိပါသည်။ ၂၀.၁၂.၂၀၁၆ တွင် The Yangon Restaurant ပြုလုပ်ခဲ့သော ညနေပိုင်း ဧည့်ခံပွဲတွင် ကူညီပေးခဲ့သော ကိုကျော်စွာမင်း၊ ကိုအောင်သူလွင်၊ လက်ဝတ်ရတနာ ဆင်မြန်းပေးသော May Mon Gems၊ တေးဂီတ အဖွဲ့ The Four ၊ ပန်းအလှပြင် His and Hers၊ ဖိတ်တပ်မေဦး၊ သတို့သားဝတ်စုံ Milano Esmod Tailor ၊ သတို့သမီးဝတ်စုံ ပြည်ပိုးဇောင်း၊ နှင့် ဓာတ်ပုံနှင့်ဗွီဒီယို ကိုနိုင်လင်းနှင့်အဖွဲ့၊ The Yangon Restaurant မှ မန်နေဂျာနှင့်ပန်ထမ်းများ၊ MC အမြဲမေတ္တာဖြင့်ကူညီပေးသော မသီရိကြာညီ၊ မင်္ဂလာပွဲကို အဆင်ပြေချောမွေ့စွာ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးခဲ့သော အချစ်ဆုံးသူငယ်ချင်းများ၊ ဖိတ်ဆွေများ၊ ဧည့်ခံပွဲသို့ လာကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ များဖေးပို့ကျသော လူကြီးမိဘများနှင့် ကျေးဇူးတင်ထိုက်သူများကို နှစ်ဖက်မိဘများနှင့် တကွ ကျွန်တော်/ ကျွန်မတို့က လိုက်လိုက်လိုလို ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်မိဘများနှင့်
Eugne Quah နှင့် မချစ်စုဝင်းထိန်

တစ်ဦးတည်းဖြစ်ကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၉)လမ်းနေ (အဖ)ဦးလှဆောင်၏ သမီး မအင်ဒီရာ[၁၂/ဥကတ(နိုင်)၁၄၂ ၆၉၃]နှင့် မအင်ဒီရာအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မအင်ဒီရာ(ခ)မအင်ဒီရာအောင်

အထွေထွေကိုယ်စားလှယ်လွှဲစာရင်းသိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လပ်ကီးဘာ ဆီ(EF-၀၁၈၄၉၇)မှ ဦးလှဒွေ(၁၂/သကတ(နိုင်)၁၉၂၁၈၇) သို့ ၁၅-၅-၂၀၁၄ ရက်တွင် လွှဲအပ်ပေးခဲ့သော ကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၉၈၂/၂၀၁၄ အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေမျိုးသိန်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၃၂၈၈)
ဖုန်း-၀၉ ၄၂၀၀၆၁၅၅၀

ထိုင်ဝမ်အလည်ခရီးစဉ်နှင့် ကျန်းမာရေးစစ်ဆေးကုသရန်

အထူး April လ(14)ရက်နေ့မှ April လ(21)ရက်နေ့အထိ အလည်အပတ် ခရီးစဉ်ရှိသည်။သွားမည့်သူများကြို့တင်စာရင်းပေးသွင်းနိုင်ပါသည်။

လိုက်ပါမည့်သူများ

(28.2.2017)ရက်နေ့တွင် နောက်ဆုံးစာရင်းပိတ်ပါမည်။
ကျန်းမာရေးစစ်ဆေးကုသရန်အတွက် အချိန်မရွေးချက်ချင်း သွားရောက်ဆေးကုသနိုင်ရန် ဆောင်ရွက်ပေးပါသည်။

စုံစမ်းရန်။ ။ အမှတ်(၇၀)ရွှေတောင်တန်းလမ်း၊လမ်းမတော်မြို့နယ်၊မြေညီထပ်။
Ph: 09 796285752 , 01 226365 ၊ ဦးတင်ဝင်း 09 5159407

အမြန်ရောင်းမည်

* Tractor Head (တွဲခေါင်း)
* Forkliff

ဖုန်း-၀၉-၇၉၅၃၀၅၊ ၀၉-၇၉၅၅၅၁၂

အိမ်အငှားနှင့် တိုက်ခန်းအရောင်းကြော်ငြာ

ရွှေဂုံတိုင်လမ်းပေါ် (ရွှေဂုံတိုင်ဟိုတယ်နှင့်အနီး ပေ၄၀ × ပေ၁၀၀) အိမ်နှင်ခြံ ငှားမည်။ ကြည်မြင့်တိုင် ကမ်းနားလမ်းမပေါ် တိုက်ခန်း ရောင်းမည်။ 09-43050055

ဝါ ရင့် ပါ မော ကွ ကြီး များ ကြီး ကြပ် စီ စဉ် သော
တိုင်း ကျော်၊ ပြည် ကျော်၊ ထင် ပေါ် ပညာ

MOTHER'S LIGHT

မေမေ့ရောင်ခြည် ပညာရေးစာစဉ်များ

ထုတ်ပြီ

၂၀၁၇ အစိုးရစစ် စာမေးပွဲအထူးထုတ်

တက္ကသိုလ်ဝင်တန်း မေးခွန်း(၅)စုံ

အင္ဂလိပ်တန်း မေးခွန်း (၅)စုံ
စတုတ္ထတန်း မေးခွန်း (၅)စုံ
နှင့် စံပြအဖြေများ

အင္ဂလိပ်တန်း မေးခွန်းဟောင်း

* ၂၀၁၅ ခုနှစ် ၂၀၁၆ ခုနှစ်(၂)နှစ်စာ မေးခွန်း(၃၄)စုံ
* အခန်းအလိုက်မေးခွန်းနံပါတ်စဉ်အလိုက်တူညီမေးခွန်းများကို စုစည်းဖြေဆိုထားသည်။
* ဘာသာစုံ(တစ်ဘာသာတစ်အုပ်)ခွဲခြားထုတ်ဝေစာအုပ်များ

ရွှေလက်ရာကိုတခဲနက်ယယ်ယူအားပေးနေကြသော အနယ်နယ်အရပ်ရပ်မှ ဆရာ၊ ဆရာမများ။ မိဘများ။ ကျောင်းသား၊ ကျောင်းသူများ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများအား ရွှေလက်ရာ မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ဖြန့်ချိရေး - ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၀၃၀၉၆၈၊ ၀၉-၅၀၆၃၇၅၅၀၊ ၀၉-၇၃၂၀၅၅၇၂၆၊
အမြဲမြဲ၊အနယ်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

LUMBINI ACADEMY
နေရာသီအင်္ဂလိပ်စာသင်တန်းများ

မတ် ၆ - မေ ၂၆

5% off
enroll
Jan 25 - Feb 25

- **English for Young Learner classes (Level 1 - 6)**
- **Young Learners exam preparation classes (Starter, Mover, Flyer)**
  - အသက် ၆ နှစ်မှ ၁၅ နှစ်ထိ။
  - ပြည်တွင်းပြည်ပမှ သင်ကြားရေး အတွေ့အကြုံရှိဆရာ/မများ
  - ပန်းချီ၊ ဂီတ နှင့် အားကစားလှုပ်ရှားမှုများ
- **English for Adults**
  - Age 16 +
  - 4 skills (Reading, Writing, Listening, Speaking)
  - Business English , IELTS , TOEFL

၂(က)ဆ/ခရပ်ကွက်၊သမာဓိ ၃လမ်း၊သယ်နိုးတွန်း။ ဖုန်း- ၀၁-၈၅၆၄၄၅၂ ၀၉-၇၃၁၀၇၃၇၆၊ ၀၉-၇၈၂၇၈၃၀

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရုပ်ကွက်အမှတ်(၁၁၃) မြေကွက်အမှတ် (၇/၂ ၅) မင်းကြီးမဟာမင်းခါင်လမ်းနှင့် ဦးထွန်းညိုလမ်းထောင့် မြေဧရိယာ(၁၁. ၂၉ဧက)အနက်မှ တရားဝင်မဟုတ်ရသေးသော မြေဧရိယာ(၂. ၂၀)ဧကရှိ ပါမစ်မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးညီညီထွေးမှအမည်ပေါက်ပြီး ယခုရောင်းချသူ ဒေါ်ဖြူဖြူစိမ်း(၉/မရမ(နိုင်)၀၇၇၉၆၅)မှ တရားဝင်ရောင်းချခိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုးငွေအနက်မှ ၀ရဲ့ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

အထက်တန်းရှေ့နေများ				တရားလွှတ်တော်ရှေ့နေများ
ဒေါ်ဝင်မီမီဝိုး	ဒေါ်နန်းဆင့်ဆင့်ထွန်း	ဒေါ်ပြိုးမိုးဝေး	ဒေါ်တင်ဇာနည်နေဝင်း	
(LL.B,D.M.L)(စဉ် ၄၁၄၀၀)	(LL.B)(စဉ် ၃၀၃၃၅)	(LL.B,D.B.L.,D.M.L.,D.I.L)	(LL.B,D.I.L)(စဉ် ၉၅၃၃)	
WIPO.DL-101Switzerland(စဉ် ၈၅၅၈)			DL-101(WIPO)Geneva	

အမှတ်(၄၇-က)၊ စိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ - 0973054542, 0973494343, 0973161672
Email :rabbitfamilyrealestate@gmail.com

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

နေရာတိုင်းဆောင်ထား

Since 2001

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

3 Years

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၀၈၉၀
-၀၉-၇၃၁၀၀၀၈၉၀
-၀၉-၄၅၁၀၇၃၀၀၀၅
-၀၉-၄၅၁၀၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၀၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၅
ပေါက်တောပေ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၃၅
-၀၉-၇၃၁၂၆၀၅
-၀၉-၃၀၄၃၀၆၅
-၀၉-၄၅၁၀၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၀၁၃၆၂၆၀
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၀၃

UNIQUE STAR TRAVELS & TOURS

ဥရောပ (9) နိုင်ငံ
Apr:10,12 ($ 4800)
ဥရောပ (6) နိုင်ငံ
Apr:10,12 ($ 3600)
ဥရောပမြေထဲပင်လယ်
Apr:11,12 ($ 4080)
ဂရိ
Apr:10,12 ($ 4450)
ဒီယက်နမ်–ကမ္ဘောဒီးယား:
Apr: 12,13 ($ 996)

အမေရိကား (East + West)
Apr: 7,9 ($ 5160)
ဂျပန်
Apr:10,11,12,13 ($ 3600)
ကိုရီးယား:
Apr:11,12 ($ 2160)
အီဂျစ်
Apr:12 ($ 3600)
ဟိုချီမင်း–ဟန္ဒိုင်း–ဟာလောင်း:
Apr: 11,12 ($ 996)

သြစတြေးလျ
Apr:10,11,12,13 ($ 3120)
စကင်ပူ
Apr:11,12,14 ($ 835)
စကင်ပူ–မလေးရှား:
Apr:11,12,13 ($ 1195)
စကင်ပူ–မလေး–လန်ကာဝီ
Apr:11,13 ($ 1315)
စကင်ပူ–ဘန်ကောက်
Apr: 9,11,14 ($ 1140)

ဘန်ကောက်–ပတ္တရား:
Apr:9,10,11,12,13 ($ 696/ 595)
ဘန်ကောက်–ဖူးခက်/ ချင်းမိုင်
Apr: 12, 13 ($ 996 / 899)
ဘန်ကောက်–ကမ္ဘောဒီးယား:
Apr: 12, 13 ($ 835)
ဟောင်ကောင်၊မကာအိုး၊ကွမ်ကျိုး
Apr: 11,13 ($ 1980)
ပီကင်း–ရှန်ဟိုင်း:
Apr: 11,12, 13 ($ 2190)

သင်္ကြန် Promotion (၅)ဦး ဝယ်လျှင် (၁)ဦး အခမဲ့
ဘန်ကောက်၊ပတ္တရား: (4 / 5 / 6) D Feb: 18,25 / Mar:11, 25 ($ 299 /399 /499)
ဘန်ကောက်၊ဖူးခက်/ ချင်းမိုင် (6)D Feb: 18 / Mar: 4, 11, 18, 25 ($ 790/690)
ဘန်ကောက်–ဟန္ဒိုင်း–ဟာလောင်း: (6)D Apr: 11, 12, 13 ($ 996)
စင်ကာပူ/ စင်း–မလေး: (4) D Feb: 25 / Mar : 11, 24 ($ 650 / 895)
ဟန္ဒိုင်း–ဟာလောင်း: (4)D Feb: 18 / Mar: 4, 11, 18, 25 ($ 490)
ဟိုချီမင်း–ဟန္ဒိုင်း–ဟာလောင်း: (6)D Feb: 25 / Mar: 4, 18, 25 ($ 690)
ဒီယက်နမ်–ကမ္ဘောဒီးယား: (6)D Feb: 25 / Mar: 4, 18, 25 ($ 650)
ဟိုချီမင်း–ဟာလောင်း–Ba Na Hill (7)D Mar: 4, 18, 25 ($ 950)

